**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**၅၀ ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့အစည်းအဝေးကို မွန်းလွဲ ၁၃း၀၀ နာရီအချိန်၌စတင် ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးကဆောင်ရွက်ပါသည်။]

**အချိန်** ၊၁၃း၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၅၀ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၇၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၄.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြား ရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့မှာ ယခင်ခွင့်ပန်ကြားထားသူ ၁၃ ဦး၊ ယနေ့အသစ်ပန်ကြားသူ ၈ ဦး၊ စုစုပေါင်း ၂၁ ဦးရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူ ၈ ဦးရဲ့ကိုယ်စား ကျွန်တော်မှတစ်ပေါင်းတည်း စုစည်းတင်ပြမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ခွင့်တိုင်ကြားသူ ၈ ဦးရဲ့အမည်စာရင်းမှာတော့ -

(၁) ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာသည် ကိုယ်ရေးကိုယ်တာကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၂၃ ရက်နဲ့ ၂၄ ရက်နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၂) ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် နိုဝင်ဘာလ ၂၃ ရက်နဲ့ ၂၄ ရက် နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဆရက-၃၄၅ မှ ဗိုလ်မှူးကျော်နိုင်ထွန်း သည် ဇနီးသည်၏ အဖေနာရေးကိစ္စသွားရောက်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၂၃ နှင့် ၂၄ နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၄) မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်သည်နေမကောင်းပါသဖြင့် နိုဝင်ဘာလ ၂၃ ရက် ယနေ့ တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၅) မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမတ်(ခ) ဦးအောင်ဇော်ဝင်းသည် နေမကောင်းပါသဖြင့် နိုဝင်ဘာလ ၂၃ နှင့် ၂၄ နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၆) မြင်းမူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်သည် နေမကောင်းပါသဖြင့် နိုဝင်ဘာလ ၂၃ ရက် ယနေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကိုသည် နေမကောင်းပါသဖြင့် နိုဝင်ဘာလ ၂၃ နှင့် ၂၄ နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်လည်းကောင်း၊

(၈) ဖာဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင်သည် နေမကောင်းပါသဖြင့် နိုဝင်ဘာလ ၂၃ ရက်နေ့ ယနေ့တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်ဖြစ်ကြောင်း စုစည်းတင်ပြအပ်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၁ ဦးဖြစ်ပါတယ်။

ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော ''မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း'' နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသည့်လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်း၏ အပိုဒ်၊အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းကို စတင်ဆွေးနွေးပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းကော်မတီအပါအဝင် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှာပြင်ဆင်ချက်မရှိသည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်ကို အတည်ပြုခြင်းများစတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်သွင်းလိုတာကတော့ အခန်း (၁)၊ အပိုဒ် ၂(ခ)မှာ မူလအဆိုပြုပြဋ္ဌာန်းချက်မှာတော့ ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏လို့ပြဋ္ဌာန်းခဲ့ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်မှာတော့ ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုဆိုသည်လို့ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်းထားရှိရန် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အနေနဲ့ တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့အခြေခံဥပဒေ အခန်း(၅) အုပ်ချုပ်ရေး

အပိုင်းမှာ ရေးသားဖော်ပြထားတဲ့အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့လို့ရေးသားထားတာ ပြည့်စုံတဲ့အတွက်ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦးရဲ့အဆိုကို ကန့်ကွက်လိုသူရှိကမတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေသူမရှိတဲ့အတွက် ဦးဝင်းဦးအဆိုပြုသော ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဇယား၊ စာမျက်နှာ ၁၊ အမှတ်စဉ် ၂၊ အခန်း(၁)၊ အပိုဒ်၂(စ) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်စရာမရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ်၂(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၁)၊ အပိုဒ်၂(ဆ) ဦးဝင်းဦးက အဆိုပြုတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁)၊ အပိုဒ်၂(ဆ)မှာ မူလဝန်ကြီးဌာနရဲ့အဆိုပြုပြဋ္ဌာန်းချက်အပေါ် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အနေနဲ့ ပြင်ဆင်ချက်ကိုတင်ပြလိုပါတယ်ခင်ဗျား။ အာမခံကြေးဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူကလုပ်ကိုင်မည့်၊ အသုံးပြုမည့်လုပ်ငန်း အလိုက်သတ်မှတ်ထားသောကြိုတင်ငွေကြေးတစ်ရပ်ကို ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုထားသောဘဏ်တစ်ခုခုသို့အပ်နှံရန် သို့မဟုတ် အာမခံချက်ပေးရန် ဤဥပဒေများနှင့်အညီသတ်မှတ်သော အာမခံကြေးငွေကိုဆိုသည်ဟု ကျွန်တော်တို့အနည်းငယ်ပြင်ဆင်ဖြည့်စွက်ပြီးတင်ပြပါတယ်။ ကျွန်တော်တို့ အာမခံကြေးဆိုတာဟာ အလုပ်လုပ်ကိုင်ရင်းနှီးမြှုပ်နှံတဲ့အခါမှာ ခွင့်ပြုသူက ခွင့်ပြုခံရသူထံမှ လုပ်ငန်းနှင့်ပတ်သက်ပြီး ကတိကဝတ်များကို လေးစားလိုက်နာစေရန်အလို့ငှာ တင်ခိုင်းတဲ့ငွေကြေးတစ်ရပ်ဖြစ်ပါတယ်။ ဒီအာမခံကြေးဟာ ကြိုတင်တင်ရတဲ့ငွေကြေးတစ်ရပ်ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်မှာ ထပ်မံဖြည့်စွက်တာကတော့ မူလမှာတော့ ဘဏ်တစ်ခုခုသို့အပ်နှံရန်လို့ပဲ ရေးသားထားပါတယ်။ ကျွန်တော်တို့ကတော့ ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုထားသော ဘဏ်တစ်ခုခုသို့အပ်နှံရန်ဆိုပြီး ကျွန်တော် ဖြည့်စွက်တင်ပြပါတယ်။ နောက်တစ်ခါအပ်နှံရန် သို့မဟုတ် အာမခံချက်ပေးရန် ကျွန်တော်တို့ Bank Guarantee ဆိုတာမျိုးလည်းရှိပါတယ်ခင်ဗျား။ နောက်ပိုင်းမှာ ကျွန်တော်တို့လုပ်ငန်းတွေတိုးချဲ့လာတဲ့အခါ ခေတ်သစ်၊ စနစ်သစ်နဲ့အညီ အရင်တုန်းကတော့ ကျွန်တော်တို့လုပ်ငန်းတစ်ခုခုအပေါ်မှာမူတည်ပြီးတော့ အာမခံကြေးသွင်းရမယ်ဆိုရင် ငွေသားကို ကျွန်တော်တို့သက်ဆိုင်ရာဘဏ်တစ်ခုခု၊ သတ်မှတ်ထားတဲ့ဘဏ်တစ်ခုခုမှာ ငွေသား

သွားတင်ရပါတယ်။ နောက်ပိုင်းမှာဆိုရင် ကျွန်တော်တို့ လုပ်ငန်းလုပ်နေတဲ့ကုမ္ပဏီကြီးတွေက အသုံးပြုနေတဲ့ဘဏ်တွေရှိပါတယ်။ အဲ့ဒီဘဏ်တွေကနေပြီးတော့ အာမခံအတွက်ကို Bank Guarantee အနေနဲ့ထုတ်ပေးတာမျိုးတွေ နောင်မှာရှိလာနိုင်တဲ့အတွက် ကျွန်တော်တို့ကြိုတင်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦးတင်ပြတဲ့ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် ဦးဝင်းဦးရဲ့ ပြည်သူ့လွှတ်တော် ကျွန်တော်တစ်ခုကျော်သွားပါတယ်။ ဝန်ကြီးဌာနကိုယ်စားလှယ်လာတဲ့အတွက် ဝန်ကြီးဌာနရဲ့သဘောထားရှိက တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးဝင်းဦးရဲ့ ပြည်သူ့လွှတ်တော်ပြင်ဆင်ချက် အခန်း(၁)၊ အပိုဒ်၂(စ)သည် ယခုပြည်ထောင်စုအစိုးရအနေနဲ့ လက်ခံနိုင်တဲ့အနေအထားဖြစ်တဲ့အတွက်ကြောင့် လက်ခံနိုင်ပါကြောင်းတင်ပြလိုပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လက်ခံပါတယ်။ ဒါ့ကြောင့် ဦးဝင်းဦးတင်ပြတဲ့ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အားကန့်ကွက်လိုသူရှိကမတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂၊ အမှတ်စဉ် ၄၊ အခန်း(၁)၊ အပိုဒ် ၂(ဇ) ဦးဝင်းဦးမှ အဆိုပြု တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁)၊ အပိုဒ် ၂(ဇ)မှာ မူလဝန်ကြီးဌာနအဆိုပြုပြဋ္ဌာန်းချက်အပေါ်မှာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကလေးက ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများနှင့်အညီ သတ်မှတ်သော မြေခွန်ငွေကိုဆိုသည်ဆိုပြီး အမျိုးသားလွှတ်တော်ကပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အနေနဲ့ မူလဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာနရဲ့အဆိုပြုချက် ပြဋ္ဌာန်းချက် အတိုင်းထားရှိသင့်သည်လို့ ကျွန်တော်တို့တင်ပြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဤဥပဒေအရ သတ်မှတ်သောမြေခွန်ငွေဆိုတာသည် ပြီးပြည့်စုံလုံလောက်တဲ့အပြင် ကျွန်တော်တို့က ဥပဒေကိုပဲ ပြဋ္ဌာန်းတာဖြစ်ပြီးတော့ ကျန်တဲ့နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကတော့ သက်ဆိုင်ရာဝန်ကြီးဌာန တွေကပဲ ဆက်လက်လုပ်ကိုင်သွားရမယ့်ကိစ္စဖြစ်တဲ့အတွက် မူလပြဋ္ဌာန်းချက်သာ ပြီးပြည့်စုံတယ်လို့ ယူဆပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန် ပြင်ဆင်အဆိုပြုဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေမှာ အမျိုးသားလွှတ်တော်ကအတည်ပြုပြဋ္ဌာန်းအတည်ပြုပေးလိုက်တဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း အခန်း(၁) အမည်နဲ့အဓိပ္ပါယ်ဖော်ပြချက် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)ကို ပြင်ဆင်ဖြည့်စွက်တင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ဒီ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)မှာ မြေခွန်ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့်၊ အသုံးပြုသည့်လုပ်ငန်းအလိုက် နိုင်ငံတော်သို့ပေးဆောင်ရန် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများနှင့်အညီသတ်မှတ်သော မြေခွန်၊ ငွေခွန်ဆိုသည်လို့ဆိုထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်အတည်ပြုချက်ကတော့ မြေခွန်ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်အသုံးပြုသည့်လုပ်ငန်းအလိုက် နိုင်ငံတော်သို့ ပေးဆောင်ရန် နှုန်းထားသတ်မှတ်ချက်ကို ဤဥပဒေအရပြုလုပ်သော နည်းဥပဒေပါမြေခွန်ကို ဆိုသည်လို့ မြေခွန်လို့ပဲ ငွေမပါဘဲနဲ့တင်ပြအပ်ပါတယ်။ ဘာလို့အဲ့လိုတင်ပြရလဲဆိုတော့ မြေယာခွန်အနေနဲ့ နှစ်မျိုးရှိလာမှာဖြစ်ပါတယ်။ ပထမတစ်မျိုးကတော့ မြေယာမှာ လက်ရှိကောက်နေတဲ့ မြေခွန်လို့ မြေခွန်အဖြစ်ရှိလာပြီးတော့ အခုပြဋ္ဌာန်းလိုက်လို့ရှိရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ချထားခဲ့အခါမှာ ချထားသူတွေ၊ ချထားခံရတဲ့သူတွေကပေးဆောင်ရမယ့် မြေခွန်ဆိုပြီးတော့ရှိလာမှာ ဖြစ်ပါတယ်။ အဲ့ဒီ မြေခွန်နှစ်မျိုးကိုလည်း ကွဲပြားစေချင်ပါတယ်။ ကျွန်တော်တို့ ချထားတဲ့အခါမှာ လည်းပဲ သီးနှံစိုက်ပျိုးရေးတွင်မကဘဲနဲ့ ဓာတ်သတ္တုတူးဖော်မှုတွေပါ၊ တူးဖော်ရေးလုပ်ငန်းကိုပါ ချထားလို့ရလာမယ့် ဥပဒေဖြစ်ပါတယ်။ အဲ့ဒီအခါမှာ ဓာတ်သတ္တုတူးဖော်တဲ့လုပ်ငန်းတွေမှာ မြေခွန်ကို ငွေနဲ့တင်မကဘဲနဲ့ ရွှေကဲ့သို့သော ဓာတ်သတ္တုတူးဖော်တဲ့ပစ္စည်းနဲ့ကောက်ခံလို့ရအောင် မြေခွန်လို့ပဲ ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်သို့ ပြင်ဆင်ချက်အဖြစ်နဲ့ တင်ပြမယ့်အဆိုကတော့ မြေခွန်ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့် အသုံးပြုသည့်လုပ်ငန်းအလိုက် နိုင်ငံတော်သို့ပေးဆောင်ရန် နှုန်းထားသတ်မှတ်ချက်ကို ဤဥပဒေအရပြုလုပ်သော နည်းဥပဒေပါ မြေခွန်ကိုဆိုသည်လို့ပြင်ဆင် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုကိုယ်စားလှယ်က အခုတင်ပြသွားသူနှစ်ဦးအနက် မည်သည်ကို ပိုလက်ခံနိုင်မယ်ဆိုတာ ရှင်းလင်းတင်ပြပေးပါ။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်တင်ပြသွားတဲ့ ပြင်ဆင်ချက်သည် ကျွန်တော်တို့ မူလအဆိုပြုပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ထက်ပိုမိုပြည့်စုံတယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ဒါကြောင့် မို့လို့ ယခုပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်ကိုပဲ ကျွန်တော်တို့လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်က ဦးဝင်းဦး ပြင်ဆင်တာ ရှိပါတယ်။ ဦးသောင်းဟန်က ပြင်ဆင်တာရှိပါတယ်။ ဒါကြောင့်မို့လို့ ဘယ်ဟာကိုပိုပြီးတော့

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ဦးသောင်းဟန် ရဲ့ ပြင်ဆင်ချက်ကို လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်ကို လက်ခံပါတယ်။ ကဲဒါကြောင့် ဆန္ဒမဲခံယူပါမယ်။ ဦးသောင်းဟန် ပြင်ဆင်အဆိုပြုတာကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေသူမရှိတဲ့အတွက် အားလုံးထောက်ခံတယ်လို့ သဘောရပါတယ်။ ဒါကြောင့်မို့လို ခုနက ပြင်ဆင်ရန်အဆိုပြုထားတဲ့ ဦးဝင်းဦးရဲ့သဘောထားလည်း ပြန်ပြောပေးပါ။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဌာနက လက်ခံတဲ့ အတိုင်း ကျွန်တော်လည်း သဘောတူပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဇ)သည် ဦးသောင်းဟန်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၁)၊ အပိုဒ် ၂ (ည) ဦးသောင်းဟန်အဆိုပြုတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပါ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ည)ကို ကျွန်တော် ပြင်ဆင်တင်ပြ ဖြည့်စွက်တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ည)မှာ မူလအဆိုပြုချက်က ဥယျာဉ်ခြံ သီးနှံဆိုသည်မှာ တစ်ဆက်တစ်စပ်တည်းသော်လည်းကောင်း၊ ရောနှော၍သော်လည်းကောင်း စိုက်ပျိုး ထားပြီး အကြိမ်ကြိမ်ခူးဆွတ်သော်လည်း ပြန်လည်စိုက်ပျိုးရန်မလိုသည့် သစ်သီးဝလံပင်များကိုဆိုလို သည်လို့ဖော်ပြထားပါသည်။ ကျွန်တော့်အနေနဲ့ ဥယျာဉ်ခြံသီးနှံဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း သော်လည်းကောင်း၊ ရောနှော၍သော်လည်းကောင်းစိုက်ပျိုးထားပြီး အကြိမ်ကြိမ်ခူးဆွတ်သော်လည်း အပင်သက်တမ်းကုန်ဆုံးသည်အထိ ပြန်လည်စိုက်ပျိုးရန်မလိုသည့် သစ်သီးဝလံပင်များကိုဆိုသည်လို့

ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဥယျာဉ်ခြံသီးနှံရဲ့ အဓိပ္ပာယ်မှာ ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်မှာ အကြိမ်ကြိမ်ခူးဆွတ်သော်လည်း ပြန်လည်စိုက်ပျိုးရန်မလိုသည် ဆိုတော့ နောက်ထပ်အပင်သက်တမ်းရှိတဲ့ ဥယျာဉ်ခြံသီးနှံတွေဖြစ်တဲ့ သစ်သီးဝလံများကို အပင် သက်တမ်းကုန်ဆုံးတဲ့အခါမှာ ပြန်လည်စိုက်ပျိုးလို့ရတယ်ဆိုတဲ့အဓိပ္ပာယ်လည်း ကျွန်တော့်တင်ပြချက်မှာ ပါရှိပြီးဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ သစ်သီးဝလံတို့ရဲ့၊ ဥယျာဉ်ခြံသီးနှံရဲ့ အဓိပ္ပာယ်ကို ပိုမိုပြည့်စုံစွာဖော်ပြထားတဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို ဥယျာဉ်ခြံသီးနှံဆိုသည်မှာ တစ်ဆက်တစ်စပ် တည်းသော်လည်းကောင်း၊ ရောနှော၍သော်လည်းကောင်းစိုက်ပျိုးထားပြီး အကြိမ်ကြိမ်ခူးဆွတ် သော်လည်း အပင်သက်တမ်းကုန်ဆုံးသည်အထိ ပြန်လည်စိုက်ပျိုးရန်မလိုသည့် သစ်သီးဝလံပင်များကို ဆိုသည်လို့ ပြင်ဆင်ဖော်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အခန်း(၁)၊ အပိုဒ် ၂(ည)နဲ့ပတ်သက်ပြီးတော့ ဦးသောင်းဟန်ရဲ့တင်ပြချက်သည် ကျွန်တော်တို့ မူလအဆိုပြဋ္ဌာန်းချက်နဲ့နှိုင်းယှဉ်မယ်ဆိုရင် အနှစ်သာရပြောင်းလဲမှုမရှိဘဲ ပိုမိုပြည့်စုံတဲ့အတွက်ကြောင့် လက်ခံနိုင်ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်ရဲ့ အဆိုပြုတင်ပြချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ် ပေးပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်၊ ကြားနေသူမရှိတဲ့အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ည)သည် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းနှင့် ဦးသောင်းဟန်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၁)၊ အပိုဒ် ၂ (ဋ) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်အား အဆိုပြုဖို့ဖိတ်ခေါ် ပါတယ်။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အခန်း(၁)၊ အပိုဒ် ၂ (ဋ) မှာ အဆိုပြုပြဋ္ဌာန်းချက်အနေနဲ့ ရာသီသီးနှံဆိုသည်မှာ စိုက်ပျိုးရာသီချိန် ၁၂ လကာလအတွင်း စိုက်ပျိုးရိတ်သိမ်း၍ဝင်ငွေရရှိပြီးနောက် ထပ်မံမြေပြုပြင် စိုက်ပျိုးရသည့် သီးနှံကိုဆိုလိုသည်။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်မှာ ရာသီသီးနှံဆိုသည်မှာ စိုက်ပျိုး ရာသီကာလအတွင်း စိုက်ပျိုးရိတ်သိမ်း၍ဝင်ငွေရရှိပြီးနောက် ထပ်မံမြေပြုပြင်စိုက်ပျိုးရသည့်သီးနှံကို ဆိုသည်။ ဒါကြောင့်မို့ ကျွန်တော်တို့က ၁၂ လကာလတစ်ခုကို ဖြုတ်လိုက်ပါတယ်။ ၁၂ လဆိုတာ ကျွန်တော်တို့ ဒီနေ့ရာသီသီးနှံဆိုတာ ကျွန်တော်တို့ စက်မှုကုန်ကြမ်းသီးနှံများဟာလည်းပဲ ရာသီသီးနှံ

ဖြစ်ပါတယ်။ အဲ့ဒီ စက်မှုကုန်ကြမ်းသီးနှံတွေမှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါဆိုတာလည်းပဲ စက်မှုကုန်ကြမ်းသီးနှံဖြစ်ပါတယ်။ သူတို့တွေဟာ ၁၂ လအတွင်းမှာ စိုက်ပျိုးဆောင်ရွက်နိုင်သော်လည်းပဲ အခြားသီးနှံဖြစ်တဲ့ ကြံ၊ ပီလောပီနံစတဲ့ သီးနှံတွေ၊ ပြောင်းဆိုတဲ့သီးနှံတွေဟာလည်းပဲ စက်မှုသီးနှံထဲမှာ ရာသီသီးနှံအနေနဲ့ပါဝင်နေတယ်။ ဒီနေ့ နည်းပညာမြင့်မားလာတဲ့အပေါ်မှာမူတည်ပြီးတော့ ရာသီဥတုအနေအထားအရ စိုက်ပျိုးတဲ့အခါကျရင် စီးပွားရေးတွက်ခြေကိုက်အောင် စိုက်ပျိုးလာတဲ့အခါကျတော့ ပီလောပီနံလိုသီးနှံမျိုး ၈ လကနေ ၁၈ လအတွင်းမှာ စိုက်ပျိုးရိတ်သိမ်းလေ့ရှိပြီးတော့ ကြံကိုတော့ ၁၁ လကနေပြီးတော့ ၃၆ လမှ အခင်းသစ်လမိုင်း၊ လမက်ဆိုတဲ့အနေနဲ့ ရိတ်သိမ်းတဲ့အတွက်ကြောင့်မို့လို့ ဒီ ၁၂ လကိုဖြုတ်ထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁)၊ အပိုဒ် ၂ (ဠ)နဲ့ပတ်သက်ပြီးတော့ ဦးဌေးမြင့်ရဲ့ တင်ပြချက်အနေနဲ့မူလအဆိုပြုပြဋ္ဌာန်းချက်အပေါ်မှာ အနှစ်သာရပြောင်းလဲမှု အထူးမရှိတဲ့အတွက်ကြောင့် လက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဌေးမြင့်ရဲ့ အဆိုပြုချက်ကို ကန့်ကွက်မယ့်သူရှိက မတ်တတ်ရပ်ပါ။ ကြားနေမယ့်သူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဠ) သည် ဦးဌေးမြင့်၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၂)၊ အပိုဒ် ၃၊ ပြင်ဆင်ရန်တင်ပြသူ ဒေါက်တာစိုင်းကျော်အုန်းအားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အထူးဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ အခန်း(၂)၊ အပိုဒ် ၃ ကို ပြင်ဆင်ဖြည့်စွက်ထားပါတယ်။ ကျွန်တော် ပြင်ဆင်ဖြည့်စွက်ထားတဲ့အချက်ကို ဖတ်ပြပါမယ်။ နိုင်ငံတော်သမ္မတသည် (က) နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊

အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်ပါဝင်သော မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်ဆိုတော့ ကျွန်တော်ပြင်ဆင်ပြီးတော့ ဖြည့်စွက်ထားပါတယ်ခင်ဗျား။ (ခ) ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဆိုပြီးတော့ ပြင်ဆင်ထား ပါတယ်ခင်ဗျား။ အခုလို ပြင်ဆင်ဖြည့်စွက်ထားခြင်းအကြောင်းက မူလပြဋ္ဌာန်းချက်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုပဲဖော်ပြထားပါတယ်။ ထပ်ပြီးဖြည့်စွက်ရခြင်းအကြောင်းကတော့ ဤဥပဒေရဲ့ အခန်း(၃)၊ ပုဒ်မ ၄ မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ကို (က) စိုက်ပျိုးရေးလုပ်ငန်း၊ (ခ) မွေးမြူရေးလုပ်ငန်း၊ (ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ (ဃ) အစိုးရခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများဆိုပြီးတော့ပါရှိဖော်ပြထားတဲ့ အတွက်ကြောင့် ပိုပြီးပြည့်စုံအောင် အခန်း(၃)၊ ပုဒ်မ ၄ နှင့်အညီ လိုက်လျောညီထွေမှုရှိအောင် ထပ်ပြီးတော့ ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ အောက်ကထပ်ပြီးတော့ဖြည့်စွက်ထားတဲ့ အချက်ကို ပြန်ပြောပြပါမယ်။ နဂိုမူလကတော့ သက်ဆိုင်ရာအစိုးရဌာနမှ သင့်လျော်သောပုဂ္ဂိုလ်များ အဲ့ဒီလိုပဲ ဖော်ပြထားပါတယ်ခင်ဗျား။ ကျွန်တော်ထပ်ပြီးတော့ ပြင်ဆင်ဖြည့်စွက်ထားတာက သက်ဆိုင်ရာအစိုးရ ဌာနအဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ထပ်ပြီးတော့ဖြည့်စွက်ထားတာက အခြား သင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်ဆိုပြီးတော့ ထပ်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ထပ်ဖြည့်စွက်ထားခြင်းအကြောင်းကတော့ အဖွဲ့ဝင်များဟာ အစိုးရဌာနအဖွဲ့အစည်းများမှ သင့်လျော်တဲ့ ပုဂ္ဂိုလ်များနဲ့ ပြင်ပမှပညာရှင်များပါ ပါဝင်ဖွဲ့စည်းစေလိုတဲ့အတွက်ကြောင့် ထပ်ပြီးတော့ဖြည့်စွက် ရခြင်းဖြစ်ပါတယ်။ နောက်(ခ)ကတော့ ကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်ပါသည်ဆိုပြီးတော့ ဖြည့်စွက် ထားခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းကျော်အုန်း မိမိတို့ဇယားထဲမှာ ပြင်ဆင်ချက်အဆိုပြုချက်က (က)အပိုဒ် ပါတယ်။ (ခ)အပိုဒ် မပါပါဘူး။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျား။ (ခ) မပါလည်း ရပါတယ်ခင်ဗျား။ ကျွန်တော်ပြန်ပြီးတော့ ရုပ်သိမ်းပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မှတ်သားထားပါတယ်။ ဦးပြည့်မောင်၊ မတ္တရာမဲဆန္ဒနယ်က ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးပြည့်မောင်(မတ္တရာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့်အချက်ကတော့ အခန်း(၂)၊အပိုဒ် ၃ မှာပါတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေမှာ မူလအဆိုပြုချက်က နိုင်ငံတော်သမ္မတသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသောလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမယ်လို့ဖော်ပြထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းထားသည်ဆိုပြီးတော့ ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်ပါပြီးတော့ ၁၃ ဦးနဲ့ ဖွဲ့စည်းထားတာတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတဲ့အချက်ကတော့ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသောလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်တဲ့ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်လို့ပြင်ဆင်လိုပါတယ်။ ပြင်ဆင်တဲ့အကြောင်းကတော့ မူလအဆိုပြုချက်မှာပါနေတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက

ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဲ့ဒီမှာ ဒုတိယဥက္ကဋ္ဌမပါပါဘူး။ ဖြည့်စွက်လိုတဲ့အချက်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်းလို့ ဖြည့်စွက်လိုပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဝန်ကြီးမအားတဲ့အခါမှာ ဒုတိယဝန်ကြီးကနေပြီးတော့ ဆောင်ရွက်နိုင်မှာဖြစ်သလို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကိစ္စဖြစ်နေတဲ့အတွက် ဒုတိယဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ်ထားရင် ပိုပြီးတော့သင့်လျော်မယ်ထင်လို့ သင့်လျော်တဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြီးတော့တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ရန်အဆိုပြုသူ နှစ်ဦးဖြစ်ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဘယ်အဆိုပြုချက်ကို လက်ခံနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တင်ပြချက်များအပေါ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်းနဲ့ပတ်သက်လို့ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၊ ရက်စွဲပါစာအမှတ်၊ ၆၇/၂၀၁၁ဖြင့် ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီး(လယ်ယာ)၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီး(ဆည်မြောင်း) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ သမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား အတွင်းရေးမှူးအဖြစ်လည်းကောင်း အဖွဲ့ဝင် ၁၃ ဦး ပါသောအဖွဲ့ဖြင့် ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။ အဆိုပါဖွဲ့စည်းထားတဲ့ ဝန်ကြီးဌာနမှာပါဝင်တဲ့ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌတာဝန်ထမ်းဆောင်မယ့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများအပါအဝင် အဖွဲ့ဝင်များကလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား နိုင်ငံတော်ရဲ့ အမျိုးသားရေး အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ နိုင်ငံအတွင်း မှီတင်းနေထိုင် လုပ်ကိုင်နေကြလျက်ရှိတဲ့ တိုင်းရင်းသားပြည်သူများအားလုံးအကျိုးအတွက်သော်လည်းကောင်း စီမံခန့်ခွဲဆောင်ရွက်တဲ့နေရာမှာ ဝန်ကြီးဌာနအသီးသီးရဲ့ ညွှန်ကြားရေးမှူးချုပ်များဟာလည်းပဲ ထိထိရောက်ရောက်ပါဝင်ဆောင်ရွက် နိုင်ဖို့ အခွင့်အလမ်းအနေနဲ့ အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အတွက်ကြောင့် မူလနိုင်ငံတော် သမ္မတရုံးကဖွဲ့စည်းထားပေးတဲ့ ဖွဲ့စည်းချက်ပေါ်မှာတည်မှီပြီးတော့မှ မိမိတို့ ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် မူလအတိုင်းသာထားရှိခြင်းသည်ပြည့်စုံလုံလောက်မှုရှိပါကြောင်းနဲ့ ဝန်ကြီးဌာနအတွင်းမှာ ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်ထားရှိပြီးတော့မှ ပြည်ထောင်စုဝန်ကြီး၊ သစ်တောရေးရာဝန်ကြီးဌာနအား ဒုတိယဥက္ကဋ္ဌ အဖြစ်ဖွဲ့စည်းထားပေးခြင်းသည် ဌာနနှစ်ခုရဲ့ဝန်ကြီးများဟာ လုပ်ငန်းတစ်ခုတည်းကို တာဝန်ထမ်းဆောင် ရတဲ့အခါမှာ လုပ်ငန်းတာဝန်များတိုက်ဆိုင်နေမှု၊ မအားလပ်မှုများကြောင့် မိမိတို့ရဲ့လုပ်ငန်းဆောင်တာ များကိုဆောင်ရွက်တဲ့နေရာမှာ သွက်လက်ထက်မြက်မှန်ကန်မှုများ၊ နှောင့်နှေးမှုများဖြစ်ပေါ်နိုင်သလို အခြားတစ်ဖက်မှာလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်များကလည်းပါဝင်ဖွဲ့စည်း ထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ လိုအပ်ချက်များရှိလို့ရှိရင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ကွပ်ကဲမှုအောက်မှာ မိမိတို့အနေနဲ့ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ လိုအပ်တဲ့အချက်များကို ဖြေရှင်းဆောင်ရွက်နိုင်မယ့် အနေအထားရှိတဲ့အတွက်ကြောင့် မိမိအနေနဲ့ မူလဖွဲ့စည်းထားတဲ့ အဖွဲ့ဝင် ၁၃ ဦးပါ အဖွဲ့အစည်းသာလျှင် ပို၍လျော်ကန်သင့်မြတ်သည်ဖြစ်ပါကြောင်း လေးစားစွာဖြင့်ဖြေကြားတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြချက်က ဒီနေ့ ပြည်ထောင်စုအစိုးရက ဖွဲ့စည်းပေးလိုက်တဲ့ဟာကို မူတည်ပြီးတော့ ရှင်းလင်းတင်ပြသွားတဲ့အတွက် မှန်ကန်သင့်လျော်မှုရှိ ကြောင်းတွေ့ရှိရပါတယ်။ သို့ရာတွင် အစိုးရအဖွဲ့ကဆောင်ရွက်မှုသည် ဥပဒေအပိုင်းမှာမဟုတ်ဘဲနဲ့

နည်းဥပဒေပိုင်းမှာဆောင်ရွက်ရတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအဖွဲ့အနေနဲ့လည်း လိုအပ်ရင်လိုအပ်သလို ပြန်လည်ဖွဲ့စည်းနိုင်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ခုနက ပြင်ဆင်ရန်တင်ပြသူနှစ်ဦးရှိပါတယ်။ နှစ်ဦးနဲ့ ဦးပြည့်မောင်တင်ပြတဲ့ ပြင်ဆင်အဆိုပြုချက်က ဝန်ကြီးရှင်းပြတဲ့အချက်တွေနဲ့ အားလုံးကိုက်ညီမှုရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပိုင်းအနေနဲ့ဆိုလို့ရှိရင်တော့ နည်းဥပဒေတွေထဲမှာမထည့်ဘဲထားမယ်ဆိုလို့ရှိရင် လုံလောက်ပြည့်စုံတယ်လို့ မိမိဒီလိုပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့သဘောထားကိုပဲ ရယူဆောင်ရွက်သွားပါမယ်။ ဒါကြောင့်မို့လို့ ဦးပြည့်မောင်၊ မတ္တရာမဲဆန္ဒနယ်က အဆိုပြုတင်ပြချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်။ ပြောပါ။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ဦးပြည့်မောင်ရဲ့အဆိုကို ကန့်ကွက်တာပါ။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရတဲ့အကြောင်းရင်းက

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ဒီအပေါ်အခန်းမှာရေးထားတဲ့ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိတဲ့လုပ်ငန်းများလို့ ပြောပါတယ်။ ယင်းနှင့်ဆက်နွယ်လျက်ရှိတဲ့ လုပ်ငန်းများဆိုတဲ့နေရာမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးနဲ့ပဲ ဆက်နွယ်တဲ့သဘောသက်ရောက်သွားပါတယ်။ အဲ့ဒီမှာ ဓာတ်သတ္တုထုတ်လုပ်ခြင်းဟာ အစိုးရခွင့်ပြုတဲ့ဟာတွေက မပါဘဲဖြစ်သွားနိုင်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒေါက်တာစိုင်းကျော်အုန်းရဲ့အဆိုကိုပဲ လက်ခံတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုနက ပြန်ရှင်းပါ။ စိုက်ပျိုးရေးနှင့်မွေးမြူရေး ယင်းနှင့်ဆက်နွယ်လျက်ရှိသော လုပ်ငန်းများကိုပဲဆိုပြီးတော့ ကျန်တာက ဘာကျန်နေလဲ။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ ကျွန်တော်နည်းနည်းလေးပြန်ရှင်းပြမယ်။ မြေရိုင်းဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုတဲ့နေရာမှာ အခန်း(၁)၊ အပိုဒ် ၂ (စ)ရဲ့ မြေရိုင်းဆိုတဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်မှာပြောပြထားတာကတော့ မြေရိုင်းဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပထဝီအနေအထားအရ မြေမျက်နှာပြင်ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှစိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းများကိုဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြား

လုပ်ငန်းများလုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်းပါဝင်သည်ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ ကိုက်ညီအောင် ဒေါက်တာစိုင်းကျော်အုန်းတင်ပြထားတဲ့အချက်က ပိုမိုပြီးသင့်လျော်ပါတယ်။ ဦးပြည့်မောင်တင်ပြထားတဲ့အချက်မှာ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော လုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်းဆိုပြီးတော့ ဆက်သွားပါတယ်။ အဲ့ဒီနေရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော လုပ်ငန်းများလို့ပဲဖြစ်နေပါတယ်။ ဓာတ်သတ္တုလုပ်ငန်းမပါဝင်တဲ့ သဘောသက်ရောက်နေတဲ့အတွက်ကြောင့် ကန့်ကွက်ရခြင်းဖြစ်ပါတယ်။ မူလအဓိပ္ပါယ်ဖော်ပြချက်နဲ့ နည်းနည်းကွဲလွဲနေတဲ့အတွက်ကြောင့်ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသီဟကျော် ခုန မူရင်းဥပဒေကြမ်းကိုဖတ်ပြတယ်လို့ထင်ပါတယ်။ မူရင်းဥပဒေကြမ်း စာမျက်နှာဘယ်လောက်၊ စာပိုဒ်ဘယ်လောက်လို့ ပြန်ဖော်ပြပေးပါ။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ အခု ကျွန်တော်တို့ဆီမှာဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ ပထမဆုံးစာမျက်နှာမှာ အမှတ်စဥ် ၂၊ အခန်း(၁) ၊အပိုဒ် ၂(စ)မှာဖော်ပြထားတဲ့ မြေရိုင်းဆိုတဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်။ လွှတ်တော်အတည်ပြုထားတာကတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းအတည်ပြုထားတဲ့အပိုဒ်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုရင် သူက မူလဥပဒေကြမ်းမှာမပါဘူး။ ဒါပေမယ့်လို့ အမျိုးသားလွှတ်တော်ကျတဲ့အခါကျတော့ ပြင်ဆင်အတည်ပြုချက်တင်ပြထားတယ်။ အဲ့ဒီတင်ပြထားတာကို ပြည်သူ့လွှတ်တော်ဘက်ရောက်တဲ့အခါမှာ ဘာမှပြင်ဆင်အတည်ပြုချက်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ဒါအတည်ဖြစ်တယ်ဆိုလို့ရှိရင် ခုနက ဦးပြည့်မောင်တင်ပြတဲ့တင်ပြချက်သည် ဒီ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်းဖော်ပြထားတဲ့ အဓိပ္ပါယ်ဖော်ပြချက်ထဲက တချို့မပါဘဲကျန်နေတယ်။ ဒါကြောင့်မို့လို့ ခုနက ဒေါက်တာစိုင်းကျော်အုန်းရဲ့ အဆိုကိုပဲထောက်ခံတယ်လို့ ဒီလိုပြောပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ ပြန်မေးစရာရှိလာပါတယ်။ ဒါဘာလဲဆိုတော့ မြေရိုင်းဆိုသည်မှာဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အဆိုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဘယ်လိုသဘောထားပါသလဲ။ အဲ့ဒါကို လက်ခံနိုင်သလား။ အဲ့ဒီအတိုင်းပဲ ကျွန်တော်တို့ ပြည်သူ့

လွှတ်တော်ကလည်း ဒီဟာကိုပြန်ကြည့်ပါ။ ဒါကိုလက်ခံနိုင်သလား။ လက်မခံနိုင်ဘူးဆိုရင် လက်မခံနိုင်တဲ့ကြောင်းပြောပြီးတဲ့အခါမှာ ပြန်ပြီးတော့ ဒါကိုဆုံးဖြတ်ချက်ချဖို့လိုတယ်။ ဒါကြောင့်မို့လို့ ကန့်လန်ဖြတ်ဇယားပြန်ကြည့်ပါ။ ကျွန်တော်တို့ မူလဒါကိုကြည့်တဲ့အခါမှာ ဒီထဲမှာမပါပါဘူး။ ကန့်လန်ဖြတ်ဇယားအမှတ်စဉ် ၂၊ အခန်း(၁)၊ ၂(စ)

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံးတစ်ချက် ကျွန်တော်ရှင်းအောင်တင်ပြချင်တာကတော့ ခုနက ပြည်ထောင်စုဝန်ကြီးကလည်းပဲ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကိုလက်မခံဘူးလို့ဘဲ ကျွန်တော့်အနေနဲ့သဘောပေါက်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒီထဲမှာ ပြင်ဆင်ချက်တင်ပြတဲ့ ဒေါက်တာစိုင်းကျော်အုန်းကတော့ အရင်တုန်းက ဓာတ်သတ္တုဆိုတဲ့ဥစ္စာ မြေလွတ်၊ မြေရိုင်းကော်မတီကမပေးခဲ့ပါဘူး။ စိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက်ကိုပဲ ကျွန်တော်တို့ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ အခုပြင်ဆင်တဲ့ ဥပဒေမှာကတော့ ဓာတ်သတ္တုကိုပါပေးတဲ့အခြေအနေပါလာတာဖြစ်တဲ့အတွက် ဒါကြောင့် စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားတဲ့ ဥပဒေနဲ့ညီညွတ်သည့်လုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆိုပြီးတော့မှ ကျန်တဲ့ ဖွဲ့စည်းထားတယ်ဆိုတဲ့ဥစ္စာကိုတင်ပြတာဖြစ်ပါတယ်။ ဦးပြည့်မောင်ကလည်း အလားတူတင်ပြပါတယ်။ သို့သော်လည်းပဲ သူ့နေရာမှာကတော့ ဓာတ်သတ္တုမပါဘူးလို့ပဲတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့တင်ပြချင်တာကတော့ အကုန်လုံးကတော့ ခုနတုန်းက နိုင်ငံတော်သမ္မတကနေပြီးတော့မှ ပြည်ထောင်စုဝန်ကြီးရှင်းပြသလို ဘယ်သူတွေပါတယ်ဆိုတဲ့ဥစ္စာကိုတော့ အားလုံးကတော့သဘောမတူကြပါဘူး။ သဘောမတူဘဲနဲ့ လူတွေမပါဘဲနဲ့ ခုနကတုန်းကအပေါ်မှာ နိုင်ငံတော်သမ္မတသည် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန်ဆိုတဲ့ စကားနဲ့ နိုင်ငံတော်သမ္မတသည် ဒါ ဦးပြည့်မောင်တင်ပြတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသောလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန်ဆိုတဲ့ အချက်နှစ်ချက်အပေါ်ပဲ ကျွန်တော်တို့ စဉ်းစားရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစီအစဉ်မှာမပါသော်လည်းပဲ ကျွန်တော့်အနေနဲ့ တင်ပြခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်တင်ပြချင်တာကတော့ ဒေါက်တာစိုင်းကျော်အုန်းရဲ့အဆိုဟာ ပြည့်စုံတယ်လို့ပဲ ကျွန်တော့်

အနေနဲ့မြင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒေါက်တာစိုင်းကျော်အုန်းရဲ့ တင်ပြချက်ကိုပဲ ထောက်ခံတင်ပြကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။ ဝန်ကြီးခဏလေးစောင့်ပေးပါ။ ဟိုဘက်ကတစ်ယောက်တင်ပြပါမယ်။

**ဦးတင်ထွတ်(ဇလွန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အစီအစဉ်မှာ ကြိုတင်တင်ပြဖို့မရှိဘဲနဲ့ ကြားဖြတ်ကျွန်တော်ဆွေးနွေးရတဲ့အတွက် ဒါကိုလည်းပဲ ဥက္ကဋ္ဌကြီးကို ကျွန်တော်တို့ တောင်းပန်ပါတယ်ခင်ဗျား။ အခုဒီမှာ ဝိဝါဒကွဲနေတဲ့ ဒေါက်တာစိုင်းကျော်အုန်း၊ ဦးပြည့်မောင်၊ ဦးဌေးဦး ဒီလိုသွားပါတယ်။ ကျွန်တော်တို့ မူလအရင်တစ်ခါဆွေးနွေးတုန်းက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဟာကို ထောက်ခံထားပါတယ်။ အဲ့ဒီမှာ ဒီဟာဥပဒေရဲ့သဘောမှာ ကျစ်ကျစ်လစ်လစ်လည်းရှိတယ်လို့မြင်ပါတယ်။ ဒီမှာ ခုနက ဦးဌေးဦးတင်ပြသွားတဲ့ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းဆိုပြီး မူလအစိုးရအဖွဲ့ကရေးထားတဲ့ ဥပဒေထဲမပါဘဲ ဓာတ်သတ္တုဆိုတာကိုထည့်ထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ နားလည်တာကတော့ ဓာတ်သတ္တုသည် သတ္တုတွင်းဝန်ကြီးဌာနနှင့်သာလျှင် သက်ဆိုင်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဒါကို သူလုပ်လို့ မရပါဘူး။ ကျွန်တော်တို့ ဒီလိုပဲနားလည်ပါတယ်။ ဒါကြောင့် ဒီဘက်မှာတင်ပြတဲ့ အမျိုးသားလွှတ်တော်က တင်ပြတဲ့အထဲမှာလည်း ဓာတ်သတ္တုထုတ်လုပ်ခြင်းဆိုတာပါ ပါတယ်။ ဒေါက်တာစိုင်းကျော်အုန်း တင်ပြတဲ့အထဲမှာလည်း ဒါတွေပါ ပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ ဒီ ဥပဒေကြီးမှာ မူလဥပဒေကြီးမှာဖွဲ့တဲ့ ဒီအဖွဲ့အစည်းတွေကို အတိအကျလုပ်ခြင်းအားဖြင့် နောင်မှာ အခေါ်အဝေါ်တွေပြောင်းတယ်၊ လူတွေပြောင်းသွားတယ်စသည်ဖြင့်ပေါ့ ဒီလိုတွေဖြစ်လာတဲ့အခါမှာ ဥပဒေကို လွှတ်တော်တင် တင်ပြီးပြင်ရပါတယ်။ ဒါကြောင့်မို့လို့ မူလလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကပြုစုတာသည်လျှင် ဘာပဲပြောင်းပြောင်း၊ ဒါ မပြောင်းဘဲနဲ့ရမယ့် အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ပြောရရင်တော့ ဓာတ်သတ္တုပါတဲ့အတွက် ကျွန်တော်တို့သဘောမတူနိုင်ပါဘူး။ ပြည်ထောင်စုဝန်ကြီးရဲ့ နဂိုမူလဟာကိုပဲ ကျွန်တော်တို့ထောက်ခံတင်ပြပါတယ်ခင်ဗျား။ လေးစားပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ကိုယ်စားလှယ်တစ်ဦး** ။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း မူလဥပဒေ အခန်း (၃) မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် အဲ့ဒီ အပိုဒ် ၄ မှာ ဗဟိုကော်မတီသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါလုပ်ငန်းများအတွက် လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ပြုနိုင်သည် -

(က) စိုက်ပျိုးရေးလုပ်ငန်း၊

( ခ ) မွေးမြူရေးလုပ်ငန်း၊

( ဂ ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများဆိုပြီးတော့ ဖော်ပြထားပါတယ်ခင်ဗျား။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒေါက်တာစိုင်းကျော်အုန်း ပြောတဲ့အထဲမှာ ဓာတ်သတ္တုအတွက်ပါသွားပါတယ်။ မူလဝန်ကြီးဌာနက အဆိုပြုပြဌာန်းချက်မှာ အဲ့ဒီလုပ်ငန်းမပါတဲ့အတွက်ကြောင့် ဒေါက်တာစိုင်းကျော်အုန်းကိုပဲ ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုတင်ပြတာက ကျွန်တော်တို့ မူလဝန်ကြီးဌာနက အဆိုပြုတင်ပြထားတဲ့ ဥပဒေကြမ်းအခန်း (၃) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စာပိုဒ် ၄ မှာပါတဲ့ အဓိပ္ပါယ်ဖော်ပြချက်တွေကို ရှင်းတာဖြစ်ပါတယ်။ အဲ့ဒီမှာ

(က) စိုက်ပျိုးရေးလုပ်ငန်း၊

( ခ ) မွေးမြူရေးလုပ်ငန်း၊

( ဂ ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ

ဆိုပြီးတော့ ဒီလိုဖော်ပြတာဖြစ်တဲ့အတွက် ကျွန်တော်ကပဲထပ်ပြီးတော့ ဒီမှာ ရှင်းလင်းတင်ပြချင်တာက အဲ့ဒီဟာတွေပါဝင်အောင် အမျိုးသားလွှတ်တော်ကပြင်ဆင်အတည်ပြုထားတာဖြစ်ပါတယ်။ အဲ့ဒီလိုပြင်ဆင်အတည်ပြုထားတာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနှင့်ကော ဥပဒေကြမ်းကော်မတီအနေနဲ့ကော သဘောတူခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ခုနလွှတ်တော်မှာ အဆုံးအဖြတ်ယူပြီးဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကတင်ပြလာတဲ့ဥပဒေကြမ်းမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်မှာဖော်ပြထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးအပြင် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနဲ့ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများပါရှိတဲ့အတွက် မူလအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ဟာ အတည်ဖြစ်တယ်ဆိုတာ ဒါ မှန်ကန်တဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော်တို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုခံယူနေတဲ့ ဒေါက်တာစိုင်းကျော်အုန်း၊ ဦးပြည့်မောင် နှစ်ယောက်တင်ပြတဲ့ နေရာမှာ ဦးပြည့်မောင်အပိုင်းနဲ့ပတ်သက်လို့ တင်ပြတဲ့နေရာမှာ သဘောသဘာဝအရ မှန်ကန်ညီညွတ်

သော်လည်း ဦးစိုင်းသီဟကျော်က ခုနက ဓာတ်သတ္တုလုပ်ငန်းနဲ့ အခြားအစိုးရကခွင့်ပြုထားသော လုပ်ငန်းမပါတဲ့အတွက် ပြည့်စုံအောင်ဖော်ပြထားတဲ့ ဒေါက်တာစိုင်းကျော်အုန်းရဲ့အဆိုဟာ ပိုပြီးတော့ သဘောကျလက်ခံရန် ကောင်းတယ်ဆိုတာကိုထပ်ပြီးတော့တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုအပေါ် မှာ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းမိန့်ကြားချက်များ အပေါ်မှာမူတည်ပြီးတော့မှ ဒေါက်တာစိုင်းကျော်အုန်းရဲ့တင်ပြချက်ကို ပြည်ထောင်စုဝန်ကြီးအနေဖြင့် သင့်လျော်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒေါက်တာစိုင်းကျော်အုန်းပြင်ဆင်အဆိုပြုမှုအား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် ဒေါက်တာစိုင်းကျော်အုန်းအဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုလို ဝိုင်းဝန်းဆွေးနွေးတဲ့အခါမှာ အဖြေမှန်ရရှိသွားတာဖြစ်ပါတယ်။ ဒီအတိုင်းပဲဖြစ်ရပါမယ်။ ဒါမှသာ ကျွန်တော်တို့လွှတ်တော်ရဲ့ သဘောသဘာဝကိုက်ညီပြီးတော့ မှန်ကန်တဲ့အဖြေတွေကိုဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ ရောက်ပြီ။ ခုနက ကျွန်တော်တို့ အမှတ်စဥ် ၈၊ အခန်း (၂)၊ အပိုဒ် ၃ ၊ ဒီနေရာမှာထပ်ပြီးတော့ ဒေါက်တာစိုင်းကျော်အုန်းဆွေးနွေးတုန်းက (ခ) ပိုဒ်ပါထပ်ပြီးတော့ ပြင်ဆင်ပါတယ်။ ဒါပေမယ်လို့ မူလစာထဲမှာမပါတဲ့အတွက် ဒါဆိုလည်းရပါတယ်လို့ပြောသွားတဲ့ အပိုဒ်ဖြစ်ပါတယ်။ ဒီနေရာမှာ ဦးပြည့်မောင်၊ မတ္တရာမဲဆန္ဒနယ်ကအဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးပြည့်မောင်(မတ္တရာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြလိုတဲ့ အခန်း(၂)၊ အပိုဒ် ၃ မှာ မူလပြဋ္ဌာန်းချက်တော့မပါရှိပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်၊ အတည်ပြုချက်မှာတော့ (ခ) မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်သည် လို့ပါပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ခုနကျွန်တော်တင်ပြတဲ့အချက်နဲ့ညီညွတ်အောင် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်လို့ ပြည်ထောင်စုအစိုးရကိုဖြုတ်ပြီးတော့ ပြင်ဆင်လိုပါတယ်။ အကြောင်းပြချက်ကတော့ အပေါ်ကအစိုးရအဖွဲ့ပါပြီးသားဖြစ်နေတဲ့အတွက် အောက်ကထပ်ထည့်စရာမလိုအပ်တော့ဘဲနဲ့ တိုတိုတုတ်တုတ်ပဲ ကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်သည်ဆိုပြီး လောလောဆယ်အခြေအနေမှာ တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားကိုသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်နဲ့ပတ်သက်လို့ ဥပဒေအပိုဒ်ခွဲ ၃ နဲ့ပတ်သက်လို့တင်ပြလိုတာကတော့ က၊ ကတ္တား၊ ကရိယာပြည့်စုံအောင်အတွက် ဖွဲ့စည်းပေးမယ့် အာဏာပိုင်ပုဂ္ဂိုလ် သို့မဟုတ်ရင် အဖွဲ့အစည်းကိုတော့ဖြင့် ဥပဒေမှာပြဋ္ဌာန်းဖို့သင့်လျော်ကြောင်း တင်ပြလိုပါတယ်။ မူလဖွဲ့စည်းစဉ်ကပင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်များရဲ့ ဥပဒေပြုအာဏာအရ နိုင်ငံတော်သမ္မတကနေပြီးတော့မှ ပြန်လည်ဖွဲ့စည်းပေးထားတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့အညီ ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်တဲ့အချိန်မှာလည်းပဲ နိုင်ငံတော်သမ္မတသည်ဆိုတဲ့စကားလုံးကို ထည့်သွင်းခြင်းအားဖြင့် ပိုမိုပြည့်စုံမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းကျော်အုန်းဖြည့်စွက်တင်ပြပါ။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီး ရှင်းလင်းသွားသလိုပဲ ကျွန်တော်အစက အဆိုပြုချက်မှာ နိုင်ငံတော်သမ္မတသည်(-)ခံပြီးတော့ (က)၊ (ခ) အဲ့ဒီလိုလုပ်ထားတယ်ခင်ဗျ။ ဒါကြောင့်မို့လို့ ဝန်ကြီးခုနကရှင်းပြသွားတဲ့ဟာကို ကျွန်တော် ထောက်ခံပါတယ်။ ဦးပြည့်မောင်ဟာကို နိုင်ငံတော်သမ္မတသည်ထပ်ဖြည့်ဖို့လိုပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ ၊ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်တင်ပြချက် အဲ့ဒီမှာ အခုဒေါက်တာစိုင်းကျော်အုန်းတင်ပြတဲ့ နိုင်ငံတော်သမ္မတသည်ဆိုတဲ့စကားပါရမှာဖြစ်သော်လည်း လက်နှိပ်စက်ရဲ့ရိုက်ပေးမှုလိုအပ်တဲ့အတွက် နိုင်ငံတော်သမ္မတသည်ဆိုတာ မပါသွားခြင်းဖြစ်ကြောင်းသိရပါတယ်။ တကယ်လို့သာ နိုင်ငံတော်သမ္မတသည်လို့ပါတယ်ဆိုလို့ရှိရင်တော့ ယခုပြင်ဆင်အဆိုပြုချက်မှာ နိုင်ငံတော်သမ္မတသည်ဆိုတာ အလိုအလျောက်ပါသွားပြီးတဲ့အခါမှာ ကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင်သည်ဆိုရင် ခုနကဝန်ကြီးတင်ပြတဲ့ အဓိပ္ပာယ်ပြည့်စုံတဲ့ဝါကျတစ်ခုဖြစ်သွားမှာဖြစ်တဲ့အတွက် ဆီလျော်ဆက်စပ်မှုရှိကြောင်းလည်းတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးအနေနဲ့ ဒီအပေါ်မူတည်ပြီးတော့ သဘောထားပြန်ပြောကြားဖို့ဖြစ်ပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရှင်းလင်းမိန့်ကြားချက်အပေါ်မှာ

နိုင်ငံတော်သမ္မတသည်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဆိုသောစကားရပ်သည် သင့်လျော်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးပြည့်မောင်အဆိုပြုချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၃၊ အပိုဒ်ခွဲ (ခ) သည် ဦးပြည့်မောင်၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၃) အပိုဒ် ၅၊ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ရှင်းလင်းတင်ပြရန် ဖိတ်ခေါ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကပေးပို့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းကို ကျွန်တော်ပြင်ဆင်ဖို့ အခန်း(၃)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ (ဃ) ကိုထည့်ထားပါတယ်။ သို့သော် ဒီမှာတော့ အခန်း(၃)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ (င) ကိုပယ်ဖျက်ဖို့တစ်ခုတည်းပါပါတယ်။ သို့သော် ကျွန်တော် တစ်ဆက်တည်း တင်ပြပါမယ်။ အခန်း (၃) အပိုဒ် ၅၊ အပိုဒ်ခွဲ(ဃ)ပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများအစား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်သူများဟု ပြင်ဆင်လိုပါတယ်။ ၎င်းအပြင် အခန်း(၃)၊ အပိုဒ် ၅၊ အပိုဒ်(င)ပါ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များ အတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုထားသော ရင်းနှီမြှုပ်နှံသူများဆိုတဲ့ အပိုဒ်ကိုပယ်ဖျက်စေလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဤဥပဒေကြမ်း၊ အခန်း(၃)၊ အပိုဒ် ၄ တွင် ဗဟိုကော်မတီသည် နိုင်ငံတော်တွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါ လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုနိုင်သည်ဆိုပြီးတော့ စောစောကတင်ပြသလိုပဲ (က) စိုက်ပျိုးရေးလုပ်ငန်း၊ (ခ) မွေးမြူရေးလုပ်ငန်း (ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း (ဃ) အစိုးရခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သော အခြားလုပ်ငန်းများလို့ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်း အခန်း (၄)၊ အပိုဒ် ၁၀ တွင် စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ဖြစ်ပါက တစ်ဧကလျှင် ၅၀၀၀ နှင့် ဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်ကြောင်း၊ ဥယျာဉ်ခြံသီးနှံဖြစ်ပါက ဧက ၃၀၀၀၊ ရာသီသီးနှံဖြစ်ပါက ဧက ၁၀၀၀၊ မွေးမြူရေးအတွက်ဆိုပါက ငါး၊ ပုစွန်၊ ဂဏန်းဆိုပါက ဧက ၁၀၀၀၊ ကျွဲ၊ နွား၊ မြင်းဆိုပါက ဧက ၂၀၀၀၊ သိုး၊ ဆိတ်ဆိုပါကဧက ၅၀၀၊ ကြက်၊ ဝက်၊ ဘဲဆိုပါက ဧက ၃၀၀ ဆိုပြီးဖော်ပြထားပါတယ်။ ဤဥပဒေကြမ်းအခန်း(၄)၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)မှာလည်း လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး ထပ်မံ၍စုစုပေါင်းနှစ်ပေါင်း ၃၀ ထက်မပို စေဘဲ အကြိမ်ကြိမ်ခွင့်ပြုနိုင်တယ်လို့ဖော်ပြထားပါတယ်။ ကျွန်တော်တင်ပြချင်တာကတော့ မြေဧက မြောက်များစွာကို နှစ်အကန့်အသတ်မရှိ Infinity ကမ္ဘာတည်သရွေ့လုပ်ကိုင်ခွင့်ပေးထားတဲ့အတွက် ဒီလိုအခွင့်အရေးမျိုးကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ်အခွင့်အရေးမပေးသင့်ပါဘူး။ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေက မည်သို့ဆိုသည်ကိုမသိရသော်လည်း မြေနဲ့ပတ်သက်ပြီးတော့ သတိကြီးစွာထားသင့် ပါတယ်။ ကျွန်တော်တို့အခြေအနေအရ သစ်ကွက်တွေ၊ ငါးဖမ်းကွက်တွေ နိုင်ငံခြားကုမ္ပဏီတွေကို ခွင့်ပြုခဲ့ဖူးပါတယ်။ သစ်ဆိုလည်း ဂရစ်ကွက်တစ်ကွက်စာအခွန်အခပေးပြီး မိုင်ပေါင်းမြောက်မြားစွာ ချဲ့ထွင်ထုတ်သွားတာတွေ၊ ငါးဖမ်းလှေတစ်စီးစာအခွန်ဆောင်ပြီးတော့ ပုံတူငါးဖမ်းလှေ ၃၀ လောက်နဲ့ ခွင့်ပြုရေပိုင်နက်မှာဝင်ဖမ်းတာတွေခံခဲ့ရပြီးပါပြီ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်ဆိုတာမြေကြီးရှိမှ တိုင်းပြည်ဖြစ်တာပါ။ ဂျူးလူမျိုးတွေဟာ တိုင်းပြည်ထူထောင်ဖို့ နှစ်ပေါင်းများစွာကြိုးစားပါမှ ယခု အစ္စရေးလို့ခေါ်တဲ့ သဲကန္တာရထဲကမြေလေးရမှသာ ဂျူးတို့ရဲ့အစ္စရေးတိုင်းပြည်ဖြစ်တာဖြစ်ပါတယ်။ အခုလည်း ပါလက်စတိုင်းတွေဟာ တိုင်းပြည်ထူထောင်ဖို့ ဒီသဲကန္တာရမြေလေးရဖို့ သွေးတွေ၊ အသက်တွေအများကြီးရင်းနှီးနေရပါတယ်။ တိုင်းရင်းသားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ဘဏ္ဍာရေး အထောက်အပံ့၊ နည်းပညာအထောက်အပံ့လိုအပ်ရင် ပြည်ထောင်စုအစိုးရထံမှလည်းကောင်း၊ နိုင်ငံခြား ကုမ္ပဏီများထံမှလည်းကောင်း အကူအညီရယူသင့်ပါတယ်။ အကျိုးတူမလုပ်သင့်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၀၈ ခုနှစ်၊ လူဦးရေဟာ ၅၇. ၅ သန်းရှိကြောင်း သိရပြီး လူဦးရေတိုးပွားနှုန်းဟာ ၂.၀၂ ရာနှုန်းရှိကြောင်းသိရတဲ့အတွက် နောက်နှစ် ၃၀၊ ၆၀ လောက် ကိုမျှော်ကြည့်လိုက်ရင် လူဦးရေသန်း ၁၀၀ ကျော်နေမှာ ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့စိုက်ပျိုးမြေဟာ ၁၉၈၈-၈၉ မှာတစ်ပြည်လုံးရဲ့ ၁၁.၇ ရာခိုင်နှုန်းရှိပြီး မြေလွတ်၊ ပလပ်မြေနှင့် မြေရိုင်းဟာ ၁၅.၇ ရာခိုင်နှုန်းရှိကြောင်းသိရပါတယ်။ ၂၀၀၀-၂၀၀၁ မှာ စိုက်ပျိုးမြေဟာ ၁၄. ၆ ရာခိုင်နှုန်းဖြစ်လာပြီး ၂၀၀၀-၂၀၀၁ မှာ မြေလွတ်၊ ပလပ်မြေ၊ မြေရိုင်း ဟာ ၁၁. ၈ ရာခိုင်းနှုန်းဖြစ်လာတာကိုတွေ့ရပါတယ်။ ယခု ၂၀၁၁-၂၀၁၂ ရောက်လာပါပြီ။ မြေလွတ်၊ ပလပ်မြေနှင့် မြေရိုင်းဟာ စိုက်ပျိုးမြေထက်ပိုပြီး

ရာခိုင်နှုန်းနည်းလာမှာဖြစ်ပါတယ်။ ဒါတောင် ကန့်သတ်ထားတာတွေများလို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသားမျိုးဆက်သစ်တွေ လုပ်ကိုင်စားသောက်ကြဖို့ မြေလွတ်၊ ပလပ်မြေနှင့် မြေရိုင်းတွေ တတ်နိုင်သလောက်ထိန်းသိမ်းထားသင့်ပါတယ်။ အလားတူ မြေအောက်သယံဇာတများလည်းချန်ထားသင့်ပါတယ်။ အကျိုးတူဆိုပြီးတော့ နိုင်ငံခြားကုမ္ပဏီတွေကို လက်လွှဲရောင်းချခဲ့ရင် နိုင်ငံခြားသားလုပ်သားတွေပါ မြန်မာပြည်ထဲရောက်လာပြီး မြန်မာတိုင်းရင်းသားတွေနေစရာမြေမရှိဖြစ်လာပါလိမ့်မယ်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေနဲ့လည်း လုပ်ထုံးလုပ်နည်းမသိလို့ အထောက်အထားမပြနိုင်ဘဲ မိမိလုပ်အားနဲ့ဖော်ထုတ်လုပ်ကိုင်စားသောက်ကြရတဲ့ ဆင်းရဲသားတောင်သူလယ်သမားများအပေါ် အနိုင်အထက်မကျင့်ဖို့လည်းလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်မှာ မြေလွတ်၊ ပလပ်မြေ၊ မြေရိုင်းဆိုတာ ဧကသန်း ၂၀ ကျော်လောက်ရှိတာဖြစ်ပါတယ်။ ဒီကြားထဲ စိုက်ပျိုးရေးလုပ်မယ်ဆိုပြီးတော့ သစ်တွေခုတ်ရောင်းတဲ့ရင်းနှီးမြှုပ်နှံသူတွေလည်းရှိလာပါလိမ့်မယ်။ သတိကြီးစွာထားသင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော်တင်ပြချင်တာကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပေးပို့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းအခန်း (၃)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဃ)ပါ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်နဲ့ အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများအစား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နဲ့ အကျိုးတူကိစ္စများဆောင်ရွက်မည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများလို့ ပြင်ဆင်စေလိုပါတယ်။ ၎င်းအပြင်အခန်း (၃)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(င)ပါ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများဆိုသည့်အပိုဒ်ကိုပါ ပယ်ဖျက်စေလိုကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ အမှတ်စဉ် ၉၊ အခန်း(၃)၊ အပိုဒ် ၅(ဃ)နဲ့ (င) နှစ်ခုလုံးကို ဆိုလိုတာပါလား။ ဒါကြောင့် (ဃ) အပိုဒ်မှာရှိတဲ့ ပြန်ဖတ်ပေးပါ၊ ပြင်ချင်တာက၊ အစိုးရဌာန။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ အခန်း(၃)၊ အပိုဒ် (၅)၊ အပိုဒ်ခွဲ(ဃ)ပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုထားသောရင်းနှီးမြှုပ်နှံသူများအစား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့်

အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုသူများဟု ပြင်ဆင်စေလို ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မူလဥပဒေကြမ်းစာမျက်နှာ ၄ ၊ အပိုဒ် ၅ (ဃ) ထဲက ပြင်ဆင်ခြင်းဖြစ်ပါတယ်။ နောက်အပိုဒ် (င)ကတော့ တစ်ခုလုံးဖြစ်ပါတယ်။ ဖြုတ်ဖို့။ အပိုဒ် (ဃ) က ပြင်ဆင်စေချင်တာ။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဦးမင်းဆွေတင်ပြချက်ပေါ် မူတည်ပြီးတော့ ထပ်မံတင်ပြလိုသူများရှိပါလား။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒိုက်ဦးမဲဆန္ဒနယ်ကကိုယ်စားလှယ်ကြီး ဦးမင်းဆွေရဲ့တင်ပြချက်နဲ့ စေတနာအင်မတန်လေးစားစရာကောင်းပါတယ်။ ကျွန်တော်တို့ နိုင်ငံသား များအတွက်ကာကွယ်ပေးဖို့ အဓိကဦးတည်ပြီးပြောတာဖြစ်ပါတယ်။ သို့သော်လည်း တစ်ဖက်က ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့စေတနာနဲ့ ခွင့်ပြုချက်အပေါ်မှာလည်း ပြန်လည်ကြည့်စေချင်ပါ တယ်။ မူလပြဋ္ဌာန်းချက်မှာကတည်းက ဥပဒေများအရ၊ ဥပဒေများအရပဲ စိစစ်ခွင့်ပြုသွားမှာဖြစ်ပါ တယ်။ နိုင်ငံတော်အစိုးရကတော့ လက်လွတ်စပယ်လုပ်သွားမယ့်ကိစ္စမဟုတ်ပါဘူး။ အဲ့ဒီအတွက် ကြောင့် ဦးမင်းဆွေရဲ့အဆိုပြုချက်ကို ကျွန်တော်တို့အနေနဲ့ ကန့်ကွက်လိုပါတယ်။ မူလပြည်ထောင်စု ဝန်ကြီးဌာနရဲ့ ပြဋ္ဌာန်းချက်အတိုင်းပဲထားရှိစေချင်ပါတယ်။ (ဩဘာသံများ)

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဒိုက်ဦးမြို့နယ်က ဦးမင်းဆွေတင်ပြသွားတာဟာ အလွန်မှသင့်မြတ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ မြေဆိုတာ Limited ဖြစ်ပါတယ်။ အစားထိုးလို့မရနိုင်တဲ့ သယံဇာတတစ်ခု၊ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ အဖက်ဖက်မှာနိမ့်ကျကျန်ခဲ့တာကိုလည်း အားလုံးအသိ ဖြစ်ပါမယ်။ နိုင်ငံဖွံ့ဖြိုးလာဖို့အတွက် ဒီနေ့အားလုံးဆောင်ရွက်ကြတဲ့နေရာမှာ ကျွန်တော်တို့ ပြည်သူပြည်သားများ၊ နိုင်ငံသားများပိုင်ဆိုင်နိုင်တယ်ဆိုတာ မူလသယံဇာတဖြစ်တဲ့ မြေအရင်းအမြစ် ဖြစ်ပါတယ်။ ဒီမြေအရင်းအမြစ်ကို အကြောင်းပြုပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ကြီး နှင့်အတူ ဘဏ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမယ်ဆိုလို့ရှိရင် ဒီမြေနဲ့အရင်းပြုပြီးတော့ ဘဏ်ကရတဲ့ Facilities တွေနဲ့ နိုင်ငံတော်ကနေပြီးတော့ဆောင်ရွက်ပေးတဲ့ Infrastructure တွေနဲ့ပေါင်းစပ် ညှိနှိုင်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကိုဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူ များက လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလာပြီးတော့ နိုင်ငံသားအများစုဟာ ဆင်းရဲခြင်းမှလွတ်ကင်းပြီးတော့ ကျွန်တော်တို့ လူလတ်ပိုင်းတွေအများကြီးဖြစ်လာမှာဖြစ်ပါတယ်။ တကယ်လို့ မြေကိုသာကာကွယ် ထားခြင်းမရှိဘူးဆိုလို့ရှိရင် ကျွန်တော်တို့ မကြာမီပွင့်လင်းလာတဲ့ နိုင်ငံတော်မှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားဖြစ်လာတဲ့အခါကျရင် အင်မတန်လွယ်ကူတဲ့မြေကို အရယူပြီးတော့

စက်ရုံ၊ အလုပ်ရုံကို နောက်မှလုပ်မယ်ဆိုလို့ရှိရင် နိုင်ငံသားအများစုဟာ နစ်နာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်မှာ နိုင်ငံခြားသားအားလုံး လုပ်ချင်တိုင်းရတယ်ဆိုတဲ့ အသွင်မျိုးသဏ္ဍာန်မျိုး ဆောင်နေပါတယ်။ ဒီဥပဒေသည် ဘယ်သူ့ကိုဦးစားပေးထားသလဲဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများကိုဦးစားပေးထားတဲ့အတွက်ကြောင့်မို့လို့ မကြာမီ ပေါ်ထွန်းလာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကနေပြီးတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေကိုလာပြီးတော့ လွှမ်းမိုးသလိုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကိုပယ်လိုက်ရင် ပိုပြီးတော့ အဆင်ပြေပါတယ်။ အဲ့ဒါကို ကျွန်တော်တို့နိုင်ငံနှင့် လူမျိုးချမ်းသာဖို့အတွက်ဆိုတာ ဒီအချက်က အင်မတန်မှအရေးကြီးကြောင်း တင်ပြလိုပါတယ်။ ထို့နည်းတူပဲ ဒါပုဒ်မ ၅၊ အပိုဒ်(င)ကို ပယ်ပြီးတော့ ဆောင်ရွက်တာ သင့်မြတ်ကြောင်းတင်ပြလိုပါတယ်။ ထိုနည်းတူပဲ(ဃ)မှာ ဒီထဲမှာမပါသော်လည်း ပြင်ဆင်ချက်ဇယားမှာမပါသော်လည်းပဲ ဆက်လက်တင်ပြသွားတာကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရဆိုတဲ့နေရာမှာ အဲ့ဒီနေရာမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူများဆိုတာနဲ့စာရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဆိုရင်တော့ နှစ်ခုစလုံးပါမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒါကတော့ ဥပဒေ အရာရှိကပိုနားလည်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ ဆန္ဒကတော့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့မြေ Asset တွေကိုတော့ နိုင်ငံသားများပိုင်စေချင်ပါတယ်။ နိုင်ငံသားများကနေပြီးတော့ ခေတ်မီတဲ့ ကျွန်တော်တို့အုပ်ချုပ်ရေးစနစ်တွေပြောင်းလဲလာတာနှင့်အမျှ အကုန်လုံးပါဝင်လုပ်ကိုင် နိုင်အောင်လို့ အဆင်သင့်ကျွန်တော်တို့ ချန်လှပ်ထားဖို့လိုမှာဖြစ်ပါတယ်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု မလာမှာကြောက်လို့ရှိရင် ကြောက်စရာမလိုပါဘူး။ သူတို့တွေကို နည်းပညာမြင့်တဲ့စက်ရုံ၊ အလုပ်ရုံ တွေအတွက် သူတို့ကိုဖွင့်လှစ်ပေးနိုင်မယ်။ ထို့နည်းတူပဲ ဒီ ကုန်ကြမ်းရရှိဖို့အတွက် ကျွန်တော်တို့ နိုင်ငံသားတွေကနေပြီးတော့ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်ပေးမယ်ဆိုလို့ရှိရင် သူတို့တွေဟာ အရင်း အနှီးတွေကိုလည်း ကျွန်တော်တို့ နိုင်ငံသားတွေကို ယာယီအားဖြင့်ထုတ်ပေးပြီးတော့ ဆောင်ရွက် စေမှာဖြစ်ပါတယ်။ ဒါလည်း နိုင်ငံတကာမှာဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကိုတော့ တချို့နိုင်ငံတွေမှာ နိုင်ငံသားများမလုပ်နိုင်ဘူးဆို့လို့ရှိရင် အပိုင်းလိုက် ယာယီအားဖြင့် မြေကြီးပေါ်တဲ့ အချိန်မှာ ရာခိုင်နှုန်းဘယ်လောက်၊ မြေကြီးရှားတဲ့အချိန်မှာတော့ နိုင်ငံသားကိုပဲ ဦးစားပေးဆောင်ရွက် နေကြောင်းကိုလည်းတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဒါကိုတော့ လူကြီးတွေရဲ့ဆန္ဒအတိုင်းပဲ ကျွန်တော်တို့ခံယူပါမယ်။ ကျွန်တော်တို့ ထင်မြင်ယူဆခြင်းကိုတင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဆွေးနွေးချင်တာများလည်း ဆွေးနွေး။ သဘောချင်းတိုက်ဆိုင်ရင်တော့ ကျန်တဲ့ လူတွေက ဆက်မဆွေးနွေးပါနဲ့။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ မှန်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ကိုယ့်နိုင်ငံကမြေကို ကိုယ်လုပ်ချင်တယ်ဆိုတဲ့ဟာ ကျွန်တော်တို့ သဘောပေါက် ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က ယခင်တုန်းကလို ကြွက်သေတစ်ခုအရင်းပြုတို့ နောက်ပြီးလို့ရှိရင် ကျွန်တော်တို့ ဒီလိုမျိုးငါတို့ပဲလုပ်မယ်။ သူများကို တစ်ပြားမှမပေးချင်ဘူးဆိုတဲ့ ဟာမျိုးတွေကြောင့် ကျွန်တော်တို့ခေတ်နောက်ကျခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုးတက်ဖို့ ဆိုတဲ့ဥစ္စာဟာ မျိုးချစ်စိတ်ဓာတ်တစ်ခုတည်းနဲ့လည်း မရပါဘူးခင်ဗျား။ ကျွန်တော်တို့က FDI လိုဟာတွေ ဝင်လာတဲ့အခါကျတော့မှ Investment ပါလာမယ်။ Technical Knowhow ပါလာမယ်။ ဒီ ကျွန်တော်တို့က Technical Knowhow တို့ Investment တို့မရှိတဲ့အတွက် အခုအချိန်အထိ ကျွန်တော်တို့က ဒီလယ်မြေတောင်မှပဲ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်ပြီးတော့ရင် တစ်ဧကကို တင်း ၁၀၀ ကျော်မထွက်သေးဘူး။ ဒါကျွန်တော် မြန်မာ့ပုလဲမှာ MD လုပ်ခဲ့တဲ့အတွေ့အကြုံပြောပြပါမယ်။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၆၃ ခုနှစ်ကတည်းက ဂျပန်ကုမ္ပဏီဆီကနေပြီးတော့ရင် ဒီပုလဲလုပ်ငန်းကို ပြည်သူပိုင်သိမ်းပြီးတဲ့အခါမှာ ကိုယ့်ဘာသာကိုယ် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဝတ်ဆံသွင်းနည်းကိုတီထွင် ပြီးတော့ တောက်လျှောက်လုပ်ခဲ့ပါတယ်။ ဒါကိုပဲ ကျွန်တော်တို့က အဟုတ်ထင်ပြီးတော့လုပ်နေတဲ့ အခါမှာ တံခါးပိတ်ဝါဒ ကျင့်သုံးနေတဲ့အခါမှာ တခြားနိုင်ငံတွေမှာ ဘာတွေလုပ်တယ်ဆိုတာ ကျွန်တော် တို့ကမသိဘူး။ မသိတဲ့အတွက် ကျွန်တော်တို့နိုင်ငံဟာ လုံးဝဒီပုလဲလုပ်ငန်းမှာ ခေတ်နောက်ကျခဲ့ ပါတယ်။ ခေတ်နောက်ကျပြီးတော့ ကျွန်တော်တို့ဒီ ၁၉၉၃ ခုနှစ်၊ ၁၉၉၄ ခုနှစ်မှာသည် Foreign Direct Investement တွေကို ဖွင့်ပေးတဲ့အခါကျတော့မှ ဒီဂျပန်တွေနဲ့ ကမ္ဘာမှာဝတ်ဆံကိုဘယ်လိုသွင်း နေတယ်။ မုတ်ကောင်တွေကို ဘယ်လိုမွေးနေတယ်ဆိုတဲ့ဟာတွေကို ကျွန်တော်တို့သိလာပြီးတဲ့အခါမှာ ဒီစစချင်းမြန်မာ့ပုလဲကို ကျွန်တော်ရောက်တဲ့အချိန်မှာ ပုလဲတစ်နှစ်ကို တစ်သိန်းထွက်ရမယ်ဆိုတဲ့ အချိန်မှာ ဒီဥစ္စာကြီးက ဘယ်လိုမှမဖြစ်နိုင်တဲ့ Target ကြီးပါခင်ဗျား။ ဒါပေမယ့်လို့ Technical Knowhow ပြောင်းလဲတဲ့အခါမှာ အရမ်းပဲသိသာသွားပါတယ်။ ယခင်တုန်းက ကျွန်တော်တို့က မုတ်ကောင် ၁၀၀ ကိုသွင်းလို့ရှိရင် ပုလဲလုံးရေ ၂၀ လောက်ရတာကနေပြီး Technical Knowhow ကိုပြောင်းလိုက်တဲ့အခါမှာ မုတ်ကောင် ၁၀၀ ဝတ်ဆံသွင်းရင် ပုလဲလုံးရေ ၈၀ ရပါတယ်ခင်ဗျား။ အဲ့ဒါကြောင့်မို့လို့ ဒီ Foreign Investement တွေဝင်လာမှသာလျှင် ကျွန်တော်တို့ဒီ Technical Knowhow ရယ်၊ Investement ရယ်ပါလာမှာဖြစ်တဲ့အတွက် ဒီဟာကို ကျွန်တော်တို့

လက်ခံရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်းပဲ အရမ်းကိုယ့်မြေကို သူများကိုပေးမှာ မဟုတ်ပါဘူး။ အဲ့ဒါကြောင့်မို့လို့ အစိုးရရဲ့ ယခင်ဆွဲထားတဲ့အတိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကျွန်တော်တို့ နိုင်ငံတိုးတက်ဖို့အတွက် ခွင့်ပြုသင့်တယ်လို့ ကျွန်တော့်အနေနဲ့တင်ပြပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ အကြောင်းအရာကိုဆွေးနွေးလိုခြင်းမဟုတ်ပါဘူး။ ကျွန်တော်စိုးရိမ်သွားတဲ့ အချက်က ကျွန်တော်တို့ ဥပဒေကိုဆုံးဖြတ်တော့မယ့် Procedure ပါ။ မူလဝန်ကြီးဌာနရဲ့ အဆိုပြုချက်ကို ဖြုတ်သည်ဖြစ်စေ၊ ပြင်သည်ဖြစ်စေ ဒိုက်ဦးကဦးမင်းဆွေတင်ပြတာ အညွှန်းပါပါတယ်။ သူသွားညွှန်းတာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဘယ်လိုဆိုထားမှန်းမသိဘူးလို့ပြောပါတယ်။ ကျွန်တော်တို့က Procedure က လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ညွှန်းလိုက်တဲ့ဟာပြောလိုက်ရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ဒီဥပဒေကိုသွားပြီးတော့ကြည့်ရ တော့မယ့်ပုံစံဖြစ်ပါတယ်။ အဆိုတင်သွင်းတဲ့လူကိုယ်တိုင်က အဲ့ဒီမှာဘယ်လိုပြဋ္ဌာန်းထားမှန်းမသိ ပါဘူးဆိုရင် ကျွန်တော်တို့က အခုနေကောက်ဆုံးဖြတ်လိုက်လို့ရှိရင် ကျွန်တော်တို့မသိတဲ့ အညွှန်းကြီး တစ်ခုကို တစ်ဖက်အစွန်းတစ်ခုခုအတွက်ကို ဆုံးဖြတ်လိုက်သလိုဖြစ်သွားပါတယ်ခင်ဗျား။ တခြား ကျွန်တော်တို့နိုင်းယှဉ်စရာရှိတဲ့ ဥက္ကဋ္ဌကြီးလမ်းညွှန်ဖူးတဲ့ ကျွန်တော်တို့တခြားနိုင်ငံက လွှတ်တော်တွေ မှာဆိုရင်တော့ အသားကျပြီးသားဖြစ်တဲ့အတွက် ဒီလိုကိုယ်စားလှယ်တစ်ယောက်က ညွှန်းလိုက်ရင် ဒီကျွန်တော်တို့ ကိုယ်စားလှယ်တွေအတန်းရဲ့နောက်မှာ ဒီဥပဒေကိုပြေးယူပေးမယ့်လူရှိပါတယ်။ သို့မဟုတ် လွှတ်တော်ရုံးကနေပြီးတော့ TV Screen မှာ ဒီဥပဒေရဲ့နိုင်ငံခြားရေးမူ ဥပဒေအပိုဒ် ဘယ်လောက်၊ ဘယ်လောက်ဆိုတာ တစ်ခါတည်းပဲ Display လုပ်ပါတယ်။ အခုဟာ အဲ့ဒီလိုဟာတွေ မရှိဘဲနဲ့ အခုပြောနေတဲ့ဟိုဘက်ဒီဘက်ဟာကို ဆုံးဖြတ်မယ်ဆိုလို့ရှိရင် ဒီ Procedure ကြီးဟာ တစ်ဖက်စွန်းတစ်ခုခုဘက်ကိုရောက်သွားလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ယူဆတဲ့အကြောင်း တင်ပြ ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ ဆွေးနွေးနေတဲ့အပိုင်းကတော့ အခန်း(၃)၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် အပိုဒ်ဖြစ်ပါတယ်။ ဒီအထဲမှာ အပိုဒ် ၅ ကတော့ နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပုဒ်မ ၄ ပါလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက အောက်ပါပုဂ္ဂိုလ်နှင့်အဖွဲ့အစည်း များသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့လျှောက်ထားနိုင်သည်ဆိုတဲ့အပိုဒ်ဖြစ်ပါတယ်။

လျှောက်ထားနိုင်တဲ့လူတွေကိုပဲ ဖော်ပြတာဖြစ်ပါတယ်။ ပေးမယ်၊ မပေးဘူးဆိုတာ ဗဟိုကော်မတီရဲ့ သဘောပါပဲ။ ဒါတွေအတွက် ကြိုပြီးတော့မှ စိုးရိမ်စရာမလိုဘူးလို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ အဲ့တော့ ဒီထဲမှာလျှောက်ထားနိုင်တဲ့လူတွေဟာ (က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ ဒါ ဦးဌေးမြင့် စိုးရိမ်တဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများလည်းပဲလျှောက်နိုင်ပါတယ်။ ဒီအထဲမှာ လျှောက်လို့ရပါတယ်။ (ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ သူလည်းလျှောက်ပိုင်ခွင့်ရှိတဲ့အထဲမှာပါပါတယ်။ (ဂ) ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့်ဥပဒေပုဒ်မ ၁၄ နှင့်အညီကင်းလွတ်ခွင့်ပြုထားသူများ ဒါကလည်းပဲ သူတို့လည်းလျှောက်လို့ရပါတယ်။ (ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အလားတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ ဒါကတော့ နိုင်ငံခြားသား၊ ခွင့်ပြုထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဆိုလိုတာဖြစ်ပါတယ်။ ဒီအပေါ် ကျွန်တော်တို့ (ဃ) မှာပါတာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ဆွေးနွေးနေကြတဲ့ (င) မှာကတော့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများဆိုတာက ပိုပြီးတော့မှကျယ်ပြန့်ပါတယ်။ တကယ်တမ်းပြောလို့ရှိရင် ကျွန်တော်တို့ဆီမှာရှိတဲ့လုပ်ငန်းရှင်တွေဟာ လုပ်ငန်းတစ်ခုကိုလုပ်ကြမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့ ပူးပေါင်းပြီးတော့မှဆောင်ရွက်ရတဲ့လုပ်ငန်းတွေလည်း အများအပြားရှိနေပါတယ်။ ဒါ့ကြောင့် ဒီလိုလုပ်ငန်းတွေရှိတဲ့လူတွေကို အခွင့်အရေးအနေနဲ့ ကျွန်တော်တို့ ပေးထားတာဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးတွေမပေးဘူးဆိုရင် ကျွန်တော်တို့နောက်ကွယ်ကနေပြီးမှ နိုင်ငံခြားသားတွေကတကယ်လား။ တကယ်ပြည်တွင်းမှာလုပ်နေတာကတော့ ပြည်တွင်းလုပ်ငန်းရှင်အမည်ခံပြီးလုပ်နေတဲ့ ပုံစံမျိုးတွေလည်းပါနိုင်တာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအပိုဒ်(င)မှာပါတဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူဆိုတဲ့အပိုဒ်သည် ဒါ၀န်ကြီးဌာနကထည့်သွင်းထားတဲ့ကိစ္စသည် အင်မတန်ကိုကောင်းမြတ်တဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အလေးအနက်ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒီအပိုဒ်နှစ်ပိုဒ်က ကျွန်တော်တို့ဥပဒေကြောင်းအရကော၊ အကြောင်းချင်းရာအရကော ကြည့်မယ်ဆိုရင် အပိုဒ်၅(ဃ)က အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူဆိုတာရှိပါတယ်။ ကျွန်တော်တို့လည်း မြန်မာနိုင်ငံသားဖြစ်တဲ့အတွက် ကျွန်တော်တို့မြေကို နိုင်ငံခြားကိုမပေးလို

ပါဘူး။ ဒါကတော့ ကျွန်တော်တို့ မျိုးချစ်စိတ်ဓာတ်ဖြစ်ပါတယ်။ အဲ့ဒီတော့ ဥပဒေရဲ့ဆိုလိုရင်း အနှစ်သာရက နိုင်ငံခြားသားကို ကျွန်တော်တို့ကတိုက်ရိုက်ပေးလိုက်တာမဟုတ်ပါဘူး။ အစိုးရဌာန၊ အစိုးရအဖွဲ့တစ်ရပ်ရပ်နှင့်အကျိုးတူဆိုတာ ကျွန်တော်တို့ပါရှိပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ ပြဋ္ဌာန်းပြီးသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုတယ်ဆိုတဲ့အချက်ကလည်းပဲ ထိန်းချုပ်ပြီး ဖြစ်တဲ့အတွက် အလားတူပဲ အပိုဒ် ၅၊ အပိုဒ်ခွဲ(င)မှာလည်းပဲ ဒီအတိုင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့်အကျိုးတူဆိုတာပါရှိသလို ပြဋ္ဌာန်းပြီးဖြစ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုသောဆိုတဲ့အချက်များဟာလည်းပဲ နိုင်ငံခြားသားတစ်ဦးတစ်ယောက်တည်းကို လုပ်ပိုင်ခွင့် ခွင့်ပြုခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံတဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမှုဥပဒေအရ ခွင့်ပြုတယ်ဆိုတဲ့အပိုင်းဟာ ထိန်းချုပ်ပြီးသား ဖြစ်တဲ့အတွက် ကျွန်တော်တို့ကိုယ်စားလှယ်တော်ကြီး ဦးဌေးဦးတင်ပြတဲ့ဟာကို ကျွန်တော့်အနေနဲ့ လည်းပဲ လေးလေးနက်နက်ထောက်ခံပြီး မူလဝန်ကြီးဌာနရဲ့အဆိုပြုချက်ကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လုံလောက်ပါပြီ။ ဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဝန်ကြီးဌာနအနေဖြင့်အဆိုပြုတင်ပြထားတဲ့ ဥပဒေမူကြမ်းပါအချက်များဟာ ၇ ကြိမ်တိုင်တိုင် ၄ လခန့်ကြာအောင် အကြိမ်ကြိမ်အဖက်ဖက်စိစစ်ပြီးတော့မှ လွှတ်တော်အဆင့်ဆင့်ကနေပြီးတော့မှ ပြန်လည်ဖြည့်စွက်အတည်ပြုဆုံးဖြတ်ပြဋ္ဌာန်းနိုင်ဖို့အတွက် ပြုစုပြီးတော့မှတင်ပြထားရှိခြင်းဖြစ်ပါကြောင်း ပဏာမဦးစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အခု ကျွန်တော်တို့ ဒီတင်ပြထားတဲ့ ဥပဒေအပိုဒ် ၅ ပါ အပိုဒ်ခွဲ (ဃ) (င) အချက်များဟာ ကျွန်တော်တို့ရဲ့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရ ကျွန်တော်တို့နိုင်ငံမှာ အမှန်တကယ်လိုအပ်နေတဲ့ငွေကြေးအရင်းအနှီးသာမက နည်းပညာရပ်ပိုင်းဆိုင်ရာအတွေ့အကြုံများ ကျွန်တော်တို့ရဲ့ ဒီမြေယာတွေကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စီမံခန့်ခွဲအသုံးပြုတဲ့အခါမှာ စနစ်တကျနဲ့ မည်သို့ကုန်ချောများထုတ်လုပ်ပြီးတော့မှ အဆင့်ဆင့်အကျိုးရှိအောင် ဆောင်ရွက်မယ် ဆိုတဲ့ Proceeding တစ်ရပ်လုံးအတွက် ကျွန်တော်တို့မှာ အတွေ့အကြုံများစွာလည်းလိုအပ်ပါတယ်။ ထို့အတူပဲ ဒီဥပဒေထဲမှာ အကြောင်းအရာထဲမှာလည်းပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြု ထားသောရင်းနှီးမြှုပ်နှံသူများဆိုတဲ့အပိုဒ် ဒီစာသားဟာ အင်မတန်မှလေးနက်ပါတယ်။ နိုင်ငံတော် အစိုးရအနေနဲ့ အစိုးရသစ်ကာလမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရောက်ရှိလာမှသာလျှင်

မိမိတို့နိုင်ငံဟာ အခြားသောအိမ်နီးချင်းနိုင်ငံများနည်းတူ ဒီ Investement ရှိမှသာလျှင် ကျွန်တော်တို့ နိုင်ငံတိုးတက်မှု၊ လျင်မြန်မှုအရှိန်အဟုန်နဲ့ ရင်ပေါင်တန်းနိုင်မယ်ဆိုတဲ့ ဒီရည်မှန်းချက်ရှိသော်လည်းပဲ ဒီရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်တဲ့အခါမှာ နံပါတ်(၁) နိုင်ငံတော်အစိုးရနဲ့ သမ္မတကြီးကနေပြီးတော့မှ လမ်းညွှန်ချက်အနေနဲ့ မိမိတို့နိုင်ငံရဲ့ အမျိုးသားရေးအကျိုးစီးပွားကို ထိခိုက်ခြင်းမရှိစေရဘူး။ National Interest နဲ့ နိုင်ငံသားတွေရဲ့ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ထိခိုက်ခြင်းအလျဉ်းမရှိစေရဘူး။ နံပါတ်(၂) မိမိနိုင်ငံရဲ့ Sovereignty ကိုမထိခိုက်စေရဘူး။ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ရင်းနှီးမြှုပ်နှံမှုကိုအကြောင်းပြုပြီးတော့မှ ထိခိုက်ခြင်းအလျဉ်းမရှိစေရဘူး။ နံပါတ်(၃) မိမိနိုင်ငံသားများရဲ့ နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့ Dignity ဂုဏ်သိက္ခာကို ထိခိုက်ခြင်းမရှိစေရဘူး။ ဒီဟာဟာ ဒီအချက်သုံးချက်အပေါ်မှာ ကင်းလွတ်မှသာလျှင် ဒီဆောင်ရွက်ရမယ်ဆိုတဲ့ တိတိကျကျ ကျွန်တော်တို့ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးကိုလည်းပဲ တိတိကျကျနဲ့ ညွှန်ကြားထားမှုရှိပါတယ်။ ဒီညွှန်ကြားချက်နဲ့ အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအပိုင်းမှာလည်းပဲ ဒီအချက်ကိုလေးလေးနက်နက်ခံယူပြီးတော့ မူဘောင်အနေနဲ့ခံယူပြီးတော့မှ ဥပဒေများကိုရေးဆွဲပြီးတော့မှ ပြဋ္ဌာန်းဆောင်ရွက်ထားခြင်းလည်း ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ မိမိတို့နိုင်ငံကိုသာဓကအနေနဲ့တင်ပြမယ်ဆိုရင် ကျွန်တော်တို့အထူးစီးပွားရေးဇုန်တွေတည်ဆောက်ဖို့လုပ်တဲ့ ဥပဒေမှာလည်းပဲ တိတိကျကျနဲ့ပဲဒီလိုဖော်ပြထားပါတယ်။ အကယ်၍သာ ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာမှာ မိမိတို့အနေနဲ့ နိုင်ငံခြားသားများကလာရောက်ရင်းနှီးမြှုပ်နှံမှုအခြေအနေကို ထိုက်သင့်တဲ့လုပ်ပိုင်ခွင့်၊ အခွင့်အလမ်းကိုမပေးထားလို့ရှိရင်ကတော့ တစ်နယ်တစ်ကျေးမှာလာရောက်ပြီး ရင်းနှီးမြှုပ်နှံဖို့ဆိုတာ တော်တော့်ကိုအခက်အခဲ၊ အကန့်အသတ်တွေရှိမှာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့်လည်းပဲ မိမိတို့နိုင်ငံမှာ ခေတ်အဆက်ဆက်မှာ ရင်းနှီးမြှုပ်နှံဖို့အတွက် ဖိတ်ခေါ်ထားသော်လည်းပဲ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေဟာ မိမိတို့နိုင်ငံမှာ လာရောက်ဆွေးနွေးပြီးတော့မှ တခြားနိုင်ငံကိုရောက်ရှိသွားတဲ့ဟာတွေလည်းပဲ များစွာသောဖြစ်စဥ်ဖြစ်ရပ်တွေ ကျွန်တော်တို့ရှိခဲ့တာကိုလည်းပဲတင်ပြလိုပါတယ်။ ဒီအချက်နဲ့ဆက်စပ်ပြီးတော့မှ ကျွန်တော်တင်ပြလိုတာက နိုင်ငံသားများရဲ့အခြေအနေဟာ ကျွန်တော်တို့ရဲ့ဒီနေ့ထိအောင် ကျွန်တော်တို့တစ်နိုင်ငံလုံးမှာ နိုင်ငံသားများအနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအသုံးချမှုအတွက် တင်ပြပြီးတော့မှ တောင်းခံလိုက်တော့မှ မြေလွတ်၊ မြေရိုင်းများ စိစစ်ရေးကော်မတီအဆင့်ဆင့်ကနေပြီးတော့ ခွင့်ပြုထားတာ မြေဧရိယာဧကပေါင်း ၂၇.၅ သန်းထိ ကျွန်တော်တို့ရှိခဲ့ပြီးဖြစ်ပါတယ်။ ရှိခဲ့တဲ့အပေါ်မှာ ဒီနေ့ထိအောင် ၇ သိန်းကျော်ကျော်ပဲ လက်တွေ့အသုံးချနေပြီးတော့ ကျန်တဲ့ကိန်းဂဏန်းတွေက ကျွန်တော်တို့ရဲ့

ရင်းနှီးမြှုပ်နှံမှုအကန့်အသတ်ကြောင့်သော်လည်းကောင်း၊ ဒါကနေပြီးတော့မှ အကျိုးအမြတ်ရှိအောင် လုပ်နိုင်ဖို့အတွက် အကန့်အသတ်တွေကြောင့်သော်လည်းကောင်း ဒီနေ့အထိ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခြင်းမရှိသေးတာကိုလည်းပဲ စိုးရိမ်ကြတဲ့ကျွန်တော်တို့ရဲ့ကိုယ်စားလှယ်တော်ကြီးများကို ကျွန်တော့်အနေနဲ့ ဒီအချက်အနေနဲ့ ကျွန်တော်ကောက်ယူရရှိထားတဲ့ကိန်းဂဏန်းများအနေနဲ့ တင်ပြ လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှုသာ တကယ်တမ်းထိထိရောက်ရောက်နဲ့ လုပ်ကိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ရဲ့ နည်းပညာပိုင်းဆိုင်ရာ၊ ငွေကြေးအရင်းအနှီးပိုင်းဆိုင်ရာသာမကဘဲနဲ့ ကျွန်တော်တို့ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေတဲ့ ကျွန်တော်တို့ပြည်သူတွေအတွက်လည်းပဲ အလုပ်အကိုင် အခွင့်အလမ်းတွေများစွာရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လည်းပဲ ကျွန်တော်တို့က အလုပ်အကိုင် အခွင့်အလမ်းတွေနည်းပါးနေတဲ့အတွက်ကြောင့်မို့လို့ ပြည်ပနိုင်ငံအသီးသီးမှာ အောက်ကျနောက်ကျနဲ့ ပြည်တွင်းမှာလုပ်နိုင်တဲ့အခွင့်အလမ်းတွေကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအသုံးချနိုင်ဖို့အတွက် မြေရှိတယ်၊ ရေရှိတယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေရှိပါလျက်နဲ့ ရင်းနှီးမြှုပ်နှံမှုအကန့်အသတ် တွေကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံသားတွေဟာ အခြားနိုင်ငံတွေမှာ Migrate Workers အနေနဲ့ သွားရောက်လုပ်ကိုင်နေခြင်းဟာလည်း ကျွန်တော်တို့သတိမူသင့်တဲ့အချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့တင်ပြထားတဲ့ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများဆိုတဲ့ ကျွန်တော်တို့ အပိုဒ်ခွဲ(ဃ)အပါအဝင် အပိုဒ်ခွဲ(င) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံ သူများဆိုတဲ့အပိုဒ်များကို ဆက်လက်ပြီးတော့မှ အတည်ပြုပြဋ္ဌာန်းဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုပြုပြင်ဆင်ရန်အတွက်တင်ပြထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးမင်းဆွေအားလည်း မိမိရဲ့အဆိုကို နိုင်ငံတော်ရဲ့အခြေအနေအရပ်ရပ်အပေါ်မူတည်ပြီးတော့မှ တင်ပြချက်၊ ဆွေးနွေးချက် များအပေါ်မှာမူတည်ပြီးတော့မှ ပြန်လည်ရုပ်သိမ်းပေးနိုင်ပါရန်အတွက် လေးစားစွာနဲ့ ပန်ကြားတင်ပြ အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်း တင်ပြချက်များအပေါ် ကျွန်တော့်အနေနဲ့ ဒါလုံးဝဥဿုံလက်သင့်မခံနိုင်သော်လည်းပဲ ဝန်ကြီးကို လေးစားသောအားဖြင့် ကျွန်တော့်ရဲ့အဆိုကိုပြန်လည်ရုပ်သိမ်းကြောင်းနဲ့ ကျွန်တော်ရဲ့တင်ပြချက်တွေ ကိုတော့ မှတ်တမ်းတင်ထားဖို့တင်ပြချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က နောင်အနှစ် ၃၀၊

၆၀ လောက်ကိုရည်မှန်းပြီးတော့ တင်ပြထားတာဖြစ်တဲ့အတွက် သမိုင်းမှာမျိုးဆက်သစ်တွေအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က ကာကွယ်တင်ပြသွားတယ်ဆိုတဲ့ မှတ်တမ်းလေးကို လိုချင်လို့ဖြစ်ပါတယ်ခင်ဗျား။ အားလုံးလေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ မူလပြဋ္ဌာန်းချက်အတည်ဖြစ်ကြောင်းနဲ့ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်ရဲ့အဆိုပြုချက်ကိုလည်း မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၃)၊ အပိုဒ် ၆ ၊ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းရဲ့ အခန်း(၃)၊ ပုဒ်မ ၆၊ အပိုဒ်ခွဲ(ဂ)နဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ရိုသေစွာတင်ပြအပ်ပါတယ်။ မူလဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက်ကတော့ ကြိုးဝိုင်းတောနဲ့ ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကိုထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရလေဲဒေသများ၊ သဘာဝအင်းအိုင်များကိုထိန်းသိမ်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ရမည်ဟုပြဋ္ဌာန်းထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကတော့ ကြိုးဝိုင်းတောနဲ့ ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရလေဲဒေသများ၊ သဘာဝအင်းအိုင်များကိုထိန်းသိမ်းနိုင်ရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအခြားဝန်ကြီးဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်ရမည်ဟုပြင်ဆင်အတည်ပြုထားပါတယ်။ အဲ့ဒီအချက်နဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းအနေနဲ့ သဘောတူဆွေးနွေးထားတာကတော့ မူလဝန်ကြီးဌာနအဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိရန် သဘောတူထားပါတယ်။ အဲ့ဒီလို မူလဝန်ကြီးဌာနရဲ့ပြဋ္ဌာန်းချက်အတိုင်း သဘောတူရတဲ့အကြောင်းကတော့ အမျိုးသားလွှတ်တော်ကပြဋ္ဌာန်းတဲ့ပြင်ဆင်တဲ့အချက်ဟာ မူလပြဋ္ဌာန်းခေါင်းစဉ်နဲ့မကိုက်ညီတဲ့အတွက် မူလပြဋ္ဌာန်းချက်အတိုင်းသာထားရှိသင့်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှစိစစ်တင်ပြချက်အပေါ်မှာ သဘောတူထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်စာမျက်နှာမှာ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှလည်း ပြင်ဆင်ချက်အဆိုပြုထားတာရှိပါတယ်။ ရှင်းလင်းတင်ပြပေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့အခန်း(၃)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)နဲ့ပတ်သက်လို့ မူလအဆိုကိုတော့ ခုနက ဥပဒေကြမ်းကော်မတီကတင်ထားပြီးတဲ့အတွက်ကြောင့် တင်ပြခြင်းမပြုတော့ပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်လို့လည်း တင်ပြပြီးဖြစ်တဲ့အတွက်ကြောင့် တင်ပြခြင်းမပြုတော့ပါဘူး။ ကျွန်တော့်အနေနဲ့ပြင်ဆင်ထားတာ "များ" တစ်လုံးပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပြင်ဆင်ရခြင်းအကြောင်းကတော့ ယခုဆွေးနွေးတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနဲ့ ပတ်သက်လို့ ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူစဉ်က ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၄၄/၉၁ နဲ့ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ်။ အဲ့ဒီ ဗဟိုအဖွဲ့ကနေပြီးတော့ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၁/၉၁ နဲ့အခန်း ၁၁ ခန်းထုတ်ပြန်ခဲ့ပါတယ်။ ယနေ့ကျွန်တော်တို့ အစိုးရသစ်ပေါ်ထွန်းလာတဲ့အခါမှာ ကာလနဲ့လျော်ညီအောင်ဆောင်ရွက်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒီနေရာမှာ ယခင်ဥပဒေကိုလေ့လာတုန်းက အဓိပ္ပာယ်ဖွင့်ဆိုချက်သုံးခုပါရှိပါတယ်။ ယနေ့ ဝန်ကြီးဌာနပြုစုတဲ့ အထဲမှာအဓိပ္ပာယ်ဖွင့်ဆိုချက် ၁၃ ချက်ပါရှိပါတယ်။ ဒီပြောင်းလဲချက်တွေဟာ နောင်လာမယ့်ဥပဒေကို အသုံးချတဲ့အခါမှာ ထိရောက်စေဖို့ဖြစ်ပါတယ်။ ယနေ့ဒီဥပဒေအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ပတ်သက်လို့ဖြစ်ပေါ်လာမယ့် ဥပဒေနဲ့ဆက်နွယ်နေတဲ့ ဝန်ကြီးဌာနတွေဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အလားတူတာဝန်ယူတဲ့မြေကွက်မှာ ဓာတ်သတ္တုများတွေ့ခဲ့ရင် သတ္တုတွင်းဝန်ကြီးဌာန၊ ရှေးဟောင်းအမွေအနှစ်တွေတွေ့ခဲ့ရင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အင်းတွေ၊ အိုင်တွေနဲ့ပတ်သက်လို့ ဖြစ်ပေါ်လာရင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရထားလမ်းဖောက်ဖို့ဖြစ်လာရင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနစတဲ့ လုပ်ငန်းတွေဟာ တစ်ချိန်တည်းတစ်ပြိုင်တည်းမှာ ဆက်စပ်မှုရှိနိုင်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ယခုအသုံးအနှုန်းများကို ကျစ်လစ်ခိုင်မာဖို့အတွက် "များ" တစ်လုံးကိုထည့်ပြီးတော့ ပြင်ဆင်ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်မှာ သက်ဆိုင်ရာဝန်ကြီးဌာနကို နောက်က"များ"နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဆိုတဲ့စကား ဖြစ်ပါတယ်။ ဒါကို ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ စကားလုံး ဖြည့်စွက်တင်ပြချက်ကတော့ ဆီလျော်မှန်ကန်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်ထောင်စုဝန်ကြီးနဲ့ တင်ပြသူဦးတင်မောင်ဦးရဲ့အဆိုကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့ အတွက် ဦးတင်မောင်ဦးရဲ့အဆိုအတည်ဖြစ်ကြောင်းနှင့် အပိုဒ် ၆ ၊ အပိုဒ်ခွဲ (ဂ) သည် ဦးတင်မောင်ဦး ၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၄ း ၄၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၅း၀၀ အချိန်တွင် ပြန်လည်စတင်ပါမယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၅ း ၀၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၁၊ အခန်း(၃)၊ အပိုဒ် ၆(ဂ) အဲ့ဒီအပိုဒ်အောက်မှာ အသစ်ပြဋ္ဌာန်း ခြင်းဖြစ်ပါတယ်။ မူလဝန်ကြီးဌာနရဲ့ ပြဋ္ဌာန်းချက်မရှိပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင် အတည်ပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့က ထပ်မံပြင်ဆင်အဆိုပြု ချက်ဖြစ်ပါတယ်။ ဒါကြောင့် ဦးယော်ဒီဒွေ့ အဆိုပြုချက်တင်ပြပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ဆွေးနွေးလိုတဲ့ဥပဒေကြမ်းက အမျိုးသားလွှတ်တော်ကအတည်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း အခန်း(၃) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ခေါင်းစဉ်အောက်မှာရှိတဲ့ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)ကို ပြင်ဆင်မှာဖြစ်ပါတယ်။

ကျွန်တော်ဆွေးနွေးလိုတဲ့အကြောင်းအရာကတော့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအခန်း(၃)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ခေါင်းစဉ်အောက်ရှိ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)တွင် နိုင်ငံတော်၏မြေအသုံးချရေး မူဝါဒပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သောအကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ ထံသို့တင်ပြရမည်လို့ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံတော်၏မြေအသုံးချရေး မူဝါဒပီပြင်စွာချမှတ်နိုင်ရေးအတွက် လိုအပ်သောအကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်ဟုပြင်ဆင်ရန်ဖြစ်ပါတယ်။ ပြင်ဆင်လိုတဲ့ပုဒ်မခွဲကတော့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း အခန်း(၃)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ခေါင်းစဉ်အောက်ရှိပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)ပါ ဖော်ထုတ် ဆိုသောစကားရပ်အစား ချမှတ်ဆိုတဲ့စကားရပ်ကို ပြင်ဆင်ရန်ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့် အနေနဲ့အနည်းငယ်ဖြည့်စွက်တင်ပြလိုတာကတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေနဲ့ မြေအသုံးချရေးမူဝါဒပီပြင်စွာချမှတ်နိုင်ရေးအတွက် လိုအပ်တဲ့အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာတင်ပြရမှာဖြစ်တဲ့အတွက် ဤပုဒ်မကို မရမက ထည့်သွင်းသင့်ကြောင်းတင်ပြလိုပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ်က လာတာဆိုတော့ သိပ်တော့ခေတာမဟုတ်ဘူး။ မဖြစ်မနေနဲ့ မရမကနဲ့ နည်းနည်းလွဲသွားတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဖြည့်စွက်လိုတဲ့ နိုင်ငံတော်၏မြေယာအသုံးချရေးမူဝါဒ ပီပြင်စွာချမှတ်နိုင်ရေးအတွက်လိုအပ်သော အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရမည်ဆိုသောအချက်မှာ ဖြည့်စွက်သင့်ပါကြောင်း လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးယော်ဒီဒွေ့ အဆိုပြုတင်ပြချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ် ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေသူမရှိတဲ့အတွက် အဆိုအတည်ဖြစ် ကြောင်း နှင့် အပိုဒ် ၆၊ အပိုဒ်ခွဲ (ဃ) သည် ဦးယော်ဒီဒွေ့၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၄)၊ အပိုဒ် ၁၀ ကိုလည်း ဦးယော်ဒီဒွေ့က ပြင်ဆင်အဆိုပြုဖို့ဖြစ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးလိုတဲ့ဥပဒေကြမ်းက အမျိုးသားလွှတ်တော်ကအတည်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း အခန်း(၄)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)ကို ဖြည့်စွက်ပြင်ဆင်ရန်ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးလိုတဲ့အကြောင်းအရာကတော့ အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း အခန်း(၄) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များခေါင်းစဉ်အောက်ရှိ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)ရှိ အမျိုးသားလွှတ်တော်က ပြင်ဆင်ဖြည့်စွက်ခဲ့ခြင်းမရှိပါ။ မူလဥပဒေကြမ်းသည် နှစ်ရှည်ပင်ဖြစ်ပါကတစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးဖြစ်သည့်ဧကကို အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ခွင့်ပြုနိုင်သည်ဟု ဖော်ပြထားရာတွင် ပြည်တွင်း၊ ပြည်ပအရင်းအနှီးလုံလောက်စွာဖြင့် စီးပွားဖြစ်စိုက်ပျိုးမည်ဆိုပါက အမှန်တကယ်စိုက်ပျိုးမည့်ပမာဏကိုခွင့်ပြုသင့်ပါသဖြင့် အောက်ပါအတိုင်းပြင်ဆင်ရန်ဖြစ်ပါသည် -

နှစ်ရှည်ပင်ဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးဖြစ်သည့်ဧက၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်း တွင် ဧက ၅၀၀၀ ထက်ပို၍ အမှန်တကယ် စိုက်ပျိုးနိုင်မည့်ဧကအားခွင့်ပြုနိုင်သည်။ ပြင်ဆင်လိုတဲ့ ပုဒ်မ၊ ပုဒ်မခွဲ။ အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း အခန်း (၄) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များခေါင်းစဉ်အောက်ရှိ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)တွင် ဖြည့်စွက်ပြင်ဆင်ရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

မူလဥပဒေကြမ်းပါ ပုဒ်မ ၁၂၊ အခန်း(၄)၊ ပုဒ်မ ၁၀၊ အပိုဒ်ခွဲ(က)မှာ အပိုဒ်ခွဲငယ်(၁)၊ နှစ်ရှည်ပင်ဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့်ဧကကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိအား အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်း ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ ခွင့်ပြုနိုင်သည်ဟုဖော်ပြထားရှိပါသည်။ ယခု ပြင်ဆင်လိုတဲ့အချက်အပေါ်မှာ တင်ပြချက် အနေနဲ့ နှစ်ရှည်ပင်ဖြစ်ပါကတစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီး သည့် ဧက ၇၅ ရာခိုင်နှုန်းကို အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိအကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်း တွင် ဧက ၅၀၀၀ ထက်ပို၍ အမှန်တကယ်စိုက်ပျိုးမည့်ဧကကို ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်လိုကြောင်း တွေ့ရှိရပါတယ်။ တင်ပြချက်အပေါ်မှာ မူလခွင့်ပြုထားတဲ့တစ်ကြိမ် ၅၀၀၀ ထက် တစ်ကြိမ်ခွင့်ပြုချက် အပေါ်မှာ ခွင့်ပြုထားပြီးသည့်တစ်ဧကကို အပြည့်အဝလုပ်ကိုင်ပြီးပါမှသာလျှင် ထပ်မံပြီးတော့မှ ဧက ၅၀၀၀ ကို ထပ်မံခွင့်ပြုပေးမယ့်အနေအထားကို ဖော်ပြထားခြင်းဖြစ်သော်လည်းပဲ အခုတင်ပြချက်မှာ ဧက၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါကထပ်မံ၍ ခွင့်ပြုသင့်ကြောင်းနှင့် ဒုတိယအချက်အနေနဲ့ အမှန်တကယ်စိုက်ပျိုးမည့်ဧကကို ၅၀၀၀ ထက်ပိုပြီးတော့ တစ်ကြိမ်ထက် ပိုပြီးတော့မှ ခွင့်ပြုနိုင်ကြောင်းဆိုပြီးတော့မှ ဒီအဓိပ္ပာယ်နှစ်ရပ်ကို တစ်ပါတည်းပြင်ဆင်လိုကြောင်း တင်ပြထားတာကိုတွေ့ရှိရပါတယ်။ မူလအဆိုပြုတင်ပြထားတဲ့ဥပဒေမူကြမ်းအနေနဲ့ ၅၀၀၀ တစ်ကြိမ် ခွင့်ပြုချက်အပေါ်မှာ အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ခွင့်ပြုနိုင်သည်ဟု လုံလောက်စွာဖော်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့် ဧက ၇၅ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးမှုအခြေ အနေကိုစိစစ်ဆောင်ရွက်တဲ့နေရာမှာလည်း ကန့်သတ်ချက်များရှိနိုင်သလို မူလဧက ၅၀၀၀ ကို အပြည့်အဝမပြီးခင်မှာပင်လျှင် နောက်ထက်ထပ်မံ၍ လျှောက်ထားလာခြင်းဟာလည်းပဲ ဆီလျော်မှု၊ လျော်ကန်မှုရှိနိုင်သလို၊ မဆီလျော်ဘဲနဲ့ မူလရှိတဲ့သစ်တောမြေ၊ တန်ဖိုးရှိတဲ့မြေများကိုအသုံးပြုရန် အတွက်ရယူပိုင်ဆိုင်လိုခြင်း သို့မဟုတ် ရှိရင်လည်းရှိနေတဲ့တောရိုင်းမြေများကို အသုံးပြုပြီးတော့မှ အခြားသောနေရာများမှာ သဘာဝပတ်ဝန်းကျင်အတွက်ကို ရာသီဥတုများကိုထိခိုက်နိုင်တဲ့ အနေ အထားမျိုးဖြစ်နိုင်တဲ့အတွက်ကြောင့် တစ်ကြိမ်ကို ၅၀၀၀ ခွင့်ပြုချက်အပေါ်မှာ ပြီးစီးမှသာလျှင် နောက်တစ်ကြိမ်ခွင့်ပြုခြင်းဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် ရာသီဥတုလည်းထိန်းညှိ

နိုင်မှာဖြစ်သလို လက်တွေ့အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်လိုသူအတွက်လည်း အခွင့်အလမ်းကို မူလကတည်းက ပြဋ္ဌာန်းထားပြီးတဲ့အတွက်ကြောင့်မို့လို့ ထပ်မံရရှိနိုင်တဲ့အခြေအနေရှိတဲ့အတွက် ၇၅ ရာခိုင်နှုန်းကို အပြည့်အဝလုပ်ကိုင်ပြီးပါကဆိုတဲ့စကားရပ်ကို ထပ်မံထည့်သွင်းရန်မလိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ အလားတူပဲ တစ်ကြိမ်လျှင်အမှန်တကယ်စိုက်ပျိုးမည့်ဧကကို ခွင့်ပြုနိုင်တယ်ဆိုတဲ့ စကားရပ်အနေနဲ့ကတော့ ထည့်သွင်းမယ်ဆိုလို့ရှိရင်လည်းပဲထည့်သွင်းရန်အတွက် ကန့်ကွက်ရန် မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးအနေဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)။** ။အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခွင့်ပြုချက်ပေးစေလိုပါတယ်။ ကျွန်တော်တို့ တကယ်နှစ်ရှည်ပင်စိုက်တဲ့ဆောင်ရွက် ချက်တွေမှာ လုပ်ငန်းသဘောသဘာဝအရတွေ့တဲ့နေရာမှာ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ မြေလွတ်၊ မြေရိုင်းခွင့်ပြုတဲ့နေရာမှာ မတ်စောက်တဲ့တောင်တန်းတွေကို ဖယ်ထားခြင်း မရှိပါဘူး။ မြေပုံပေါ်မှာဇယားချပြီးတော့ပေးလိုက်တဲ့အတွက် ကျွန်တော်တို့မတ်စောက်တဲ့ တောင်တန်း တွေလည်းပါသလို ချိုင့်ဝှမ်းနေရာတွေလည်းပါတာဖြစ်ပါတယ်။ တကယ်လုပ်ကိုင်တဲ့အခါကျတော့ အဲ့ဒီ မတ်စောက်တဲ့တောင်တန်းတွေကို သက်ဆိုင်ရာတာဝန်ရှိတဲ့ နိုင်ငံတော်အကြီးအကဲများပင်လျှင် အဲ့ဒီ နေရာမှာတော့ ဒီအတိုင်းပဲထားပြီးတော့စိုက်ပါလို့ လမ်းညွှန်မှုများ တကယ့်လက်တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ တကယ်မတ်စောက်တဲ့တောင်တန်းကို မူလတောအုပ်အတိုင်း သဘာဝမပျက် ကျွန်တော်တို့ထားရှိရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တကယ်စိုက်ပျိုးတဲ့အခါကျရင် တချို့သော နေရာမှာ Florid ဆိုတဲ့နေရာမျိုး၊ ကုန်းကျောကောင်းတဲ့နေရာမျိုးဆိုရင် အပြည့်အဝစိုက်ပျိုးနိုင် သော်လည်း မတ်စောက်တဲ့တောင်တန်းတွေ၊ ချိုင့်ဝှမ်းတွေပါဝင်တဲ့နေရာမျိုးမှာ သဘာဝမပျက်ယွင်း အောင်လို့ ကျွန်တော်တို့ချန်ထားတာလေးရှိပါတယ်။ အဲ့ဒီတော့ အဲ့ဒီနေရာလေးမှာကျရင် အပြည့်အဝ ဆိုတဲ့စကားလုံးသည် ဥပဒေအားဖြင့် နောက်တစ်ခါစိုက်ချင်တယ်ဆိုလို့ရှိရင် အဲ့ဒီစိုက်တဲ့ ပုဂ္ဂိုလ် မပြီးသေးဘူးဆိုပြီး ငြင်းလို့ရတဲ့သဘော သက်ရောက်နေပါတယ်။ ကျွန်တော်တို့ ၇၅ ရာခိုင်နှုန်း ဆိုတာ အဲ့ဒီအကြောင်းပြချက်သဘောပါလို့ရတဲ့ သဘောရှိပါတယ်။ ဘာလို့လဲ မတ်စောက်တဲ့တောင်တန်းတွေ ရှိတဲ့အတွက်ကြောင့် စိုက်လို့မရဘူး။ ချိုင့်ဝှမ်းတွေရှိတဲ့အတွက်ကြောင့် ရေအနေအထား၊ ရေစီးရေလာ ကောင်းတဲ့အနေအထားရှိတဲ့အတွက်ကြောင့် စိုက်လို့မရပါဘူးဆိုလို့ရင် ဒါတွေ ၇၅ ရာခိုင်နှုန်းဆိုရင် အကျုံးဝင်ခြင်းမရှိသလိုဘဲ လုပ်ငန်းတစ်ခုနဲ့ နောက်တစ်ခုဆက်စပ်တဲ့နေရာမှာ လုပ်ငန်းတစ်ခုပြီးမှ နောက်လုပ်ငန်းတစ်ခု အစက Process ပြန်လုပ်တယ်ဆိုလို့ရှိရင် ဒီနေရာမှာ တကယ်အလုပ်

လုပ်တဲ့အခါကျတော့ ဧက ၅၀၀၀ လျှောက်ထားတယ်။ သို့သော်လည်း ၃၇၅၀ ပြီးနေပြီ၊ ဒီအချိန်ပဲ နောက်နှစ်ကျတော့ဆက်လုပ်ချင်သေးတယ်။ နှစ်ရှည်သီးနှံဆိုတာ တစ်နှစ်ကြိုပြီးတော့ Nursery လုပ်ထားရပါတယ်။ အဲ့ဒီ Nursery လုပ်နိုင်ဖို့အတွက် မြေမရဘဲနဲ့ Nursery လုပ်လို့မရဘူး။ လုပ်ငန်း သဘာဝအရဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ၇၅ ရာခိုင်နှုန်းပြီးပြီဆိုရင် နောက်အသစ်လျှောက်ထားခွင့် ပြုတယ်ဆိုရင် သက်ဆိုင်ရာတာဝန်ရှိတဲ့ လူကြီးတွေကလာစစ်လိုက်၊ အဲ့ဒါဆိုရင် သူဟာတကယ်လို့ ၂၅ ရာခိုင်နှုန်းမှာ ဒီနှစ်စိုက်နေတယ်။ နောက်နှစ်အတွက်ရတယ်ဆိုရင် Nursery ကြိုတင်တစ်နှစ် လုပ်ထား လို့ရတဲ့အတွက် ဒီနေရာမှာ ၇၅ ရာခိုင်နှုန်း၊ လုပ်ပိုင်ခွင့်ဧက၏ ၇၅ ရာခိုင်နှုန်းအပြည့်အဝလုပ်ဆောင်ပြီး ဆိုတာ ပိုမိုသင့်မြတ်ကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုပြုတင်ပြချက်ပေါ်မှာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပါ တယ်။ ထပ်ပြီးတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်နေတဲ့လုပ်ငန်းရှင် တစ်ဦးလည်းဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကလည်း ထပ်ပြီးတော့ ရှင်းလင်းတင်ပြပါတယ်။ လက်တွေ့အတွေ့အကြုံပေါ်မှာမူတည်ပြီးတော့ ရှင်းလင်းတင်ပြတဲ့အတွက်လည်း ဒါလည်း အဓိကထား စဉ်းစားရမယ့်ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ လွှတ်တော်မှာ တစ်ခါ ဆွေးနွေးဖူးပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်တယ်ဆိုတာက အပြောလွယ်သလောက် အလုပ်အင်မတန်ခက်ပါတယ်။ ကျွန်တော်တင်ပြဖူးပါတယ်။ ကချင်ပြည်နယ်ကို မြန်မာနိုင်ငံရဲ့ စတုတ္ထစပါးကျီအဖြစ် သတ်မှတ်ဆောင်ရွက်မယ်ဆိုရင်ဖြစ်နိုင်တယ်။ ဘာကြောင့်လဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေအများကြီးရှိတယ်။ ဒါကြောင့်မို့လို့ပြီးခဲ့တဲ့ အစိုးရလက်ထက်က တွန်းအားပေးဆောင်ရွက်တဲ့နေရာမှာ တချို့လုပ်ငန်းရှင်တွေဆိုလို့ရှိရင် ၁၉၉၈ - ၁၉၉၉၊ ၂၀၀၀ လောက်မှာ လယ်ယာမြေဖော်ထုတ်လုပ်ကိုင်တဲ့အခါမှာ ကျွဲ၊ နွားတင်မကဘဲနဲ့ ဆင်တွေနဲ့ဖော်ထုတ် လုပ်ကိုင်ခဲ့တာလည်း မိမိတို့မှတ်မိပါတယ်။ သို့ရာတွင် မြေပြင်အခြေနေနဲ့ သဘာဝအခြေအနေကြောင့် လုပ်သာလုပ်တယ်။ မအောင်မြင်ဘဲနဲ့ လက်မြှောက်အရှုံးပေးသွားတာတွေများစွာရှိခဲ့ပါတယ်။ အဲ့ဒီ နည်းတူပဲ ဧရာဝတီတိုင်းမှာလည်း မြေအောက်ရတနာမြေများဖော်ထုတ်လုပ်ကိုင်ဖို့ နိုင်ငံတော်က တာဝန်ပေးချက်အရ ဒီတာဝန်ကိုထမ်းဆောင်ဖို့ဆိုပြီးတော့ လုပ်ငန်းရှင်အသီးသီး၊ ငွေကြေးနေရှိတဲ့ လူများ ဧရာဝတီတိုင်းကိုရောက်ရှိပြီး ဆောင်ရွက်တဲ့နေရာမှာလည်း အားကြိုးမာန်တက်လုပ်ကိုင် ဆောင်ရွက်တယ်ဆိုပေမယ့် ရေ၊ မြေ၊ သဘာဝအခြေအနေနဲ့ ရာသီဥတုအခြေအနေကြောင့် လုပ်ငန်းတွေ အောင်မြင်အောင်မဆောင်ရွက်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ တော်တော်များများဟာ မြေတွေပြန်အပ်ပြီး တော့ လုပ်ငန်းကစွန့်ခွာသွားတာရှိပါတယ်။ အဲ့ဒီနေရာမှာ တချို့လည်းဖွဲ့နဲ့လုပ်သလို တချို့လည်း

မူလလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ဖို့ကြိုးစားတဲ့အခါမှာ ရေမြေသဘာဝမပေးတဲ့အတွက် နောက်ဆုံးဒီမြေတွေကို မွေးမြူရေးမြေအဖြစ်ဆောင်ရွက်ခဲ့တာတွေလည်းရှိပါတယ်။ ဒါတွေဟာ ခုနကတင်ပြသွားသလို ရေမြေအခက်အခဲတွေရှိသလို သဘာဝပတ်ဝန်းကျင်အခက်အခဲတွေရှိတဲ့အတွက် ဒီနေရာမှာလည်း ခုနက ဦးယော်ဒီဒွေ့တင်ပြတဲ့ဟာကို ပြန်လည်ဖြည့်စွက်ထောက်ခံပြီးတင်ပြတဲ့ ခုနက ၅၀၀၀ ဧက အပြည့်စိုက်ပျိုးပြီးမှဆိုတဲ့အစား ၇၅ ရာခိုင်နှုန်းစိုက်ပျိုးပြီးလို့ရှိရင်လည်း သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေကစိစစ်ပြီးတော့ ဒီမြေကိုထပ်မံပေးသင့်၊ မပေးသင့် ဆုံးဖြတ်နိုင်တဲ့အခွင့်အရေးလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုလည်း အလေးထားစဉ်းစားရမယ့် သဘောရှိပါတယ်။ အခုလို နိုင်ငံတော်အစိုးရအနေနဲ့ ဝန်ကြီးဌာနအနေနဲ့ ခုန ပြည်တွင်း၊ ပြည်ပအတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ဆောင်ရွက်တဲ့နေရာမှာ တကယ်မိမိတို့နိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေ၊ ငွေကြေးချမ်းသာတဲ့သူတွေမလုပ်နိုင်လို့ ဖိတ်ခေါ်ခြင်းလည်းဖြစ်ပါတယ်။ သို့သော် လုပ်နေတဲ့ လုပ်နိုင်တဲ့သူလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ လုပ်နေတဲ့ လုပ်နိုင်တဲ့သူကိုလည်း တစ်ဖက်ကအခွင့်အရေးပေးသလို မလုပ်နိုင်တဲ့သူတွေ လုပ်နိုင်အောင်အတွက်လည်း အခွင့်အရေးပေးဖို့လိုမယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဦးယော်ဒီဒွေ့ တင်ပြတဲ့တင်ပြချက်အဆိုနဲ့ ပြည်ထောင်စုဝန်ကြီးပြောဆိုဆွေးနွေးတဲ့ဟာက နှစ်ဖက်လုံးမှန်ပါတယ်။ သို့ရာတွင် ပြန်ပြီးတော့ ချင့်ချိန်စဉ်းစားစရာလည်းဖြစ်တဲ့အတွက် ဒီအဆိုကိုတော့ လွှတ်တော်ကိုပဲ သဘောထားရယူပြီးဆောင်ရွက်ပါမယ်။ ဒါကြောင့် ဦးယော်ဒီဒွေ့၊ ပူတာအိုမဲဆန္ဒနယ်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်တဲ့အရေအတွက်က တစ်ဦးရှိပါတယ်။ ကြားနေတဲ့သူရှိက မတ်တတ်ရပ်ပါ။ မရှိတဲ့အတွက် ထောက်ခံအရေအတွက်များတဲ့အတွက် ဦးယော်ဒီဒွေ့၊ ပူတာအိုရဲ့အဆိုအတည်ဖြစ်ကြောင်းနှင့် အခန်း (၄)၊ အပိုဒ်ခွဲ ၁၀ ၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် ၁ သည် ဦးယော်ဒီဒွေ့၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၃၊ အပိုဒ် ၁၀(က) အဆိုပြုပြင်ဌာန်းချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မရှိပါဘူး။ မြိတ်မဲဆန္ဒနယ်က ဦးဌေးမြင့်အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၄)၊ အပိုဒ် ၁၀(က)မှာ အဆိုပြုပြဋ္ဌာန်းချက်အနေနဲ့ ဝန်ကြီးဌာနမှ ရာသီသီးနှံဖြစ်ပါက ဧက ၁၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်လို့ပါရှိပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော်တို့ ပြင်ဆင်ချင်တာကတော့ ရာသီသီးနှံဖြစ်ပါကတစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။

ခွင့်ပြုထားသောဧက၏ ၇၅ ရာခိုင်နှုန်းအပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ ထိအကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ခွင့်ပြုနိုင်သည်။ ကျွန်တော်တို့ပြင်ဆင်ချက်သည် စောစောကနှစ်ရှည်သီးနှံမှာ ဦးယော်ဒီဒွေ့တင်ပြသွားတဲ့ အဆိုနဲ့တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ကျွန်တော်ရှင်းလင်းတင်ပြချင်တာကတော့ ရာသီသီးနှံဆိုတာ ကျွန်တော်တို့ ဆီအုန်းနှစ်ရှည် သီးနှံလိုပဲ ဆီအုန်း၊ ရာဘာတို့လိုပဲစိုက်ပျိုးရပါတယ်။ ရာသီသီးနှံမှာ ကြံ၊ ပီလောပီနံ၊ ပြောင်းဖူးကဲ့သို့သော စက်မှုလုပ်ငန်းသီးနှံများပါဝင်လျက်ရှိပြီးတော့ ၎င်းသီးနှံများကို ထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်သည့်အခါ စီးပွားရေးတွက်ချေကိုက်မည့် စက်ရုံအရွယ်အစားများကိုအခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စေရန်အတွက် တည်ဆောက်ကြရပါတယ်။ သို့ဖြစ်ပါ၍ ရာသီသီးနှံကို နှစ်ရှည်သီးနှံကဲ့သို့ ခွင့်ပြုသင့်ပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော်သီးခြားတင်ပြလိုတာကတော့ ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ အာဆီယံနိုင်ငံများ ဒါ့အပြင် ဘရာဇီးနိုင်ငံ၊ သြစတြေးလျနိုင်ငံမှာ သကြားစက်ရုံတို့၊ အက်သနောစက်ရုံတို့၊ ပီလောပီနံစက်ရုံတို့၊ ကော်မှုန့်စက်ရုံတို့၊ ပြောင်းဖူးစက်ရုံတို့၊ အချိုမှုန့်စက်ရုံတို့တွေဟာ ဒီလိုစက်ရုံတည်နိုင်ဖို့အတွက် ဟက်တာသိန်းချီစိုက်ပျိုးလျက်ရှိပါတယ်။ ဒီကနေ့ ကျွန်တော်တို့ မြစ်ကြီးနားမှာလည်းပဲ ရာသီသီးနှံအဖြစ်ဆောင်ရွက်နေသလိုပဲ စစ်ကိုင်းတိုင်းမှာလည်း အများအပြားဆောင်ရွက်လျက်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဧက ၁၀၀၀ ဆိုတာ ဒါအတားအဆီးကြီးတစ်ခု ဖြစ်နေပါတယ်။ သို့သော်လည်းပဲ နှစ်ရှည်သီးနှံနဲ့ အလားတူသတ်မှတ်လိုက်လို့ရှိရင် ခုနကနှစ်ရှည်သီးနှံမှာဖော်ပြထားတဲ့ စည်းမျဉ်း၊ စည်းကမ်းကို ထပ်မံဖော်ပြ ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မူလဥပဒေမှာပြဋ္ဌာန်းအဆိုပြုတင်ပြချက်ဟာ ရာသီသီးနှံဖြစ်ပါက ဧက ၁၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်ဆိုတဲ့ စကားရပ်ဆိုတဲ့နေရာမှာ အစားထိုးတင်ပြလိုတဲ့ ရာသီသီးနှံဖြစ်ပါကတစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသောဧကကို ၇၅ ရာခိုင်နှုန်းအပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးပါက ထပ်မံ၍တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ ထိအကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်၏အကျိုးအလို့ငှာခွင့်ပြုသင့်သော

လုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ ခွင့်ပြုနိုင်သည်ဆိုသော ဥပဒေကိုပြဋ္ဌာန်းတင်ပြလိုချက်အပေါ်မှာ လေ့လာကြည့်ရှုမည်ဆိုပါက မူလပြဋ္ဌာန်းချက်အနေနဲ့ ရာသီသီးနှံအမယ်များအနက်မှာ စက်မှုကုန်ကြမ်းဖြစ်သော ကြံသီးနှံ၊ ပီလောပီနံစသောသီးနှံများကို အကျုံးဝင်သည့်အနေအထားမျိုးမပါဝင်ခဲ့တဲ့အတွက်ကြောင့် ယခုတင်ပြချက်အပေါ်မှာ စက်မှုကုန်ကြမ်းရာသီသီးနှံဖြစ်ပါကဆိုတဲ့စကားရပ်ကို ဖြည့်စွက်လိုက်မယ်ဆိုလို့ရှိရင် တင်ပြချက်ကပိုမိုပြည့်စုံသွားမှာဖြစ်တဲ့အတွက်ကြောင့် ရာသီသီးနှံဖြစ်ပါက အဆိုအစားစက်မှုကုန်ကြမ်းကဲ့သို့သော ရာသီသီးနှံဖြစ်ပါကတစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်စသည်ဖြင့် ကိုယ်စားလှယ်တော်ကြီး ဦးဌေးမြင့်တင်ပြချက်အပေါ်မှာ ကန့်ကွက်ရန်မရှိပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဖြည့်စွက်မယ့်ဟာလေးကို ပြည်ထောင်စုဝန်ကြီးက ပြန်ပြီးတော့ ပြောပေးပါ။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ စက်မှုကုန်ကြမ်း ရာသီသီးနှံဖြစ်ပါက။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးကလည်း ဒီစကားလုံးအစားထိုးရင် ပြည့်စုံကောင်းမွန်တယ်လို့ ပြောသွားပါတယ်။ ဒါ့ကြောင့် ဦးဌေးမြင့်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေသူမရှိတဲ့အတွက် ဦးဌေးမြင့်ရဲ့အဆိုကို ပြည်ထောင်စုဝန်ကြီးရဲ့ ဖြည့်စွက်ချက်ဖြစ်တဲ့ စက်မှုကုန်ကြမ်းရာသီသီးနှံဖြစ်ပါက တစ်ကြိမ်လျှင်ဧက ၅၀၀၀ ထက်မပိုစေဘဲကနေပြီးတော့ အစိုးရရဲ့သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ခွင့်ပြုနိုင်သည်ဆိုတဲ့ အဆိုအတည်ဖြစ်ကြောင်းနှင့် အခန်း (၄)၊ အပိုဒ် ၁၀(က) ၊ အပိုဒ်ခွဲငယ် (၃) သည် ဦးဌေးမြင့်၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၁၄၊ အခန်း(၄)၊ အပိုဒ် ၁၀ ကို ဥပဒေကြမ်းကော်မတီက ဆွေးနွေးတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းရဲ့ အခန်း(၄)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် ၄ နဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိသဘောတူညီချက်ကို

တင်ပြအပ်ပါတယ်။ အပိုဒ်ခွဲငယ် (၄) ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၁၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းကို အဆင့်ဆင့်စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဆိုပြီးတော့ မူလဝန်ကြီးဌာနကအဆိုပြုပြဋ္ဌာန်းထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကတော့ ကျေးလက်ဒေသတောင်သူလယ်သမားများနဲ့ မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၁၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်တယ်လို့ဖော်ပြထားပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်ကတော့ ကျေးလက်ဒေသတောင်သူလယ်သမားများနဲ့ မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၅၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကိုသက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက်စီမံဆောင်ရွက်နိုင်သည်ဆိုပြီး ဖော်ပြထားပါတယ်။ ဒီလိုပြင်ဆင်အတည်ပြုထားပါတယ်။ ဒီလိုပြင်ဆင်အတည်ပြုရတဲ့အကြောင်းရင်းကတော့ကျွန်တော်တို့ ဒီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၅(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) မှာပါတဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မယ့်လုပ်ငန်းရှင်ကြီးများအတွက် ပုဒ်မခွဲ(ဃ) ၁ မှာ နှစ်ရှည်ပင်ဖြစ်ပါကတစ်ကြိမ်လျှင်ဧက ၅၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့်ဧကကို အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ ထိအကြိမ်ကြိမ်ခွင့်ပြုနိုင်တယ်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ကျေးလက်ဒေသတောင်သူလယ်သမားများနဲ့ မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက်တော့ ၁၀ ဧက ထက်မပိုဆိုတဲ့နေရာဟာ တော်တော်လေးမြေနည်းပါးပါတယ်။ တချို့မိသားစုတွေမှာဆိုရင် သားသမီးနည်းပါးပါတယ်။ တချို့မိသားစုတွေမှာဆိုရင် သားသမီးနည်းပြီးတော့ မိသားစုသေးတဲ့အတွက် ၁၀ ဧကဟာ လုံလောက်နိုင်ပေမယ့် သားသမီးများပြီးမိသားစုကြီးတဲ့ အိမ်ထောင်ဆိုလို့ရှိရင် ၁၀ ဧကဟာ လုံလောက်နိုင်မှာမဟုတ်တဲ့အတွက် ကျွန်တော်တို့ ဧက ၅၀ ထက်မပိုတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်ဆိုပြီးတော့ ကျွန်တော်တို့ ပြင်ဆင်အဆိုပြုထားပါတယ်။ နောက်ပြီးတော့ကျွန်တော်တို့ ပြင်ဆင်တဲ့နေရာမှာလည်းပဲ သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုဆိုတာက ကျေးလက်ဒေသအထိသွားရောက်နိုင်ဖို့ခက်ခဲတဲ့အတွက် အဲ့ဒီဒေသနယ်ပယ်မှာရှိတဲ့ သက်ဆိုင်ရာဒေသအဖွဲ့အစည်းကသာခွင့်ပြုဖို့အတွက် လွယ်ကူမှာဖြစ်တဲ့အတွက် ဒီလိုပြင်ဆင်ရခြင်းဖြစ်ကြောင်းလေးစားစွာတင်ပြအပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း ဆက်လက်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအခန်း(၄)၊ အပိုဒ် ၁၀၊ ပုဒ်မ(က)ကို ပြင်ဆင်တဲ့နေရာမှာ မူလအဆိုပြုပြဋ္ဌာန်းချက်နဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်တို့ကို မဖတ်ကြားတော့ဘဲ ကျွန်တော်တင်ပြလိုတဲ့အချက်ကိုပဲ ဖတ်ကြားပြပါမယ်။ (၄) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၁၀ ဧက ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကိုသတ်မှတ်ချက်နှင့်ညီညွတ်သော နေရာများတွင် လွယ်ကူလျင်မြန်စွာလုပ်ပိုင်ခွင့်ရရှိစေရေးအတွက် နည်းဥပဒေများပြဋ္ဌာန်း ကာကွယ်ပေးရမည်လို့ ပြင်ဆင်အဆိုပြုတင်ပြထားတာဖြစ်ပါတယ်။ ယခုတင်ပြထားတဲ့ ပြင်ဆင်ချက်အဆိုဟာ အကြောင်း အမျိုးမျိုးကြောင့် လယ်မဲ့၊ ယာမဲ့ဖြစ်သွားကြတဲ့ တောင်သူလယ်သမားတွေနဲ့ စိုက်ပျိုးရေးကိုတိုးချဲ့ လုပ်ကိုင်လိုကြတဲ့ ဒေသခံတောင်သူလယ်သမားတွေ လွယ်ကူလျင်မြန်စွာနဲ့ လယ်ယာမြေသစ်တွေကို လုပ်ပိုင်ခွင့်ရကြစေဖို့ရည်ရွယ်ခြင်းဖြစ်ပါတယ်။ အဓိကတင်ပြချင်တာကတော့ ဒေသခံတောင်သူ လယ်သမားများဟာ သတ်မှတ်ထားတဲ့စည်းကမ်းများနဲ့မငြိစွန်းတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များပေါ်မှာ တစ်ဖက်ကထွန်ယက်စိုက်ပျိုးရင်း၊ တစ်ဖက်ကလည်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို အကြောင်းကြား၊ သက်ဆိုင်ရာမြေစာရင်းဌာနက စိုက်ပျိုးလုပ်ကိုင်ထားတဲ့မြေကိုတိုင်းထွာ မြေခွန် ကောက်၊ ဦးပိုင်ဖောက်ပေးရင်းနဲ့ လုပ်ပိုင်ခွင့်ချထားပေးမယ်ဆိုရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေ အများအပြားရှိနေသေးတဲ့ ကျွန်တော်တို့နိုင်ငံမှာ လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်ရရေးဆိုတဲ့ ကြွေးကြော်သံကို အမှန်တကယ်အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလို အခွင့်အရေးရဖို့ အတွက် နည်းဥပဒေပြဋ္ဌာန်းပေးရန် ပြင်ဆင်ချက်တင်ပြထားခြင်းဖြစ်ပါတယ်။ သို့သော်လည်း ဥပဒေကြမ်းကော်မတီကတင်ပြထားတဲ့ အဆိုပြုချက်မှာ သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်လို့တင်ပြထားချက်ဟာ ကျွန်တော်ဆိုလိုတဲ့အဓိပ္ပာယ်နဲ့ သိပ်မကွာတဲ့အပြင် လုပ်ပိုင်ခွင့်အရေးအတွက်သတ်မှတ်ပေးရာမှာလည်း ၁၀ ဧကမကဘဲ ဧက ၅၀ အထိသတ်မှတ်တင်ပြထားတာတွေ့ရလို့ ကျွန်တော့်အဆိုပြုချက်ကိုရုပ်သိမ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အဆိုကိုထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၄)၊ အပိုဒ် ၁၀ (ဃ) နဲ့ပတ်သက်လို့ ကျွန်တော့်ရဲ့ အဆိုပြုချက်ဟာ

ဝန်ကြီးဌာနရဲ့မူလအဆိုနဲ့ အနည်းငယ်မျှသာကွဲလွဲတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တင်ပြရမယ်ဆိုလျှင် ကျွန်တော်တို့နိုင်ငံတော်မှာ ယနေ့သတ်မှတ်တဲ့ မြေလွတ်၊ မြေရိုင်းများကိုချပေးတဲ့အခါမှာ လက်ရှိဖြစ်နေတဲ့အနေအထားအရ ၁၀ ဧကကတော့ သင့်တင့်တဲ့အနေအထားဖြစ်ပါတယ်။ ဥပမာ တင်ပြရမယ်ဆိုရင် ယနေ့ ပြင်ဦးလွင်-မိုးကုတ်ကားလမ်းဘေးလိုနေရာမျိုးတွေမှာ ဒေသခံလူတွေ အားလုံးလုပ်ပိုင်ခွင့်ရကြပါတယ်။ သို့သော် ကျွန်တော်ပြင်ဆင်တဲ့အချက်နှစ်ချက်က ကျွန်တော့်ရဲ့ ပြင်ဆင်ချက်မှာ ဧကနဲ့ပတ်သက်လို့ပြင်ဆင်ချက်မရှိပါဘူး။ ကျွန်တော် ပြင်ဆင်တာကတော့ ဒေသအဖွဲ့အစည်းကို ကျွန်တော်ပြင်ဆင်ခြင်းဖြစ်ပါတယ်။ တကယ်လို့သာ ကျွန်တော်တို့က ဒေသအဖွဲ့အစည်းကိုခွင့်ပြုပေးမယ်ဆိုရင် ယနေ့ဖြစ်နေတဲ့အနေအထားများအရ ဒေသအဖွဲ့အစည်းမှာ တာဝန်ထမ်းဆောင်တဲ့ဝန်ထမ်းများရဲ့ အားနည်းချက်ကြောင့် တစ်ဦးတစ်ယောက်ကနေဧကများစွာ ပိုင်ဆိုင်ပြီးတော့ တစ်ချိန်တန်ဖိုးတက်လာတဲ့အခါမှာ လက်ပြောင်းလက်လွှဲလုပ်တဲ့လုပ်ငန်းတွေဖြစ်လာနိုင်တာကိုတွေးပြီးတော့ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ပြင်မယ့်အနေအထားကတော့၊ ပြင်ဆင်ရခြင်းအကြောင်းအရင်းကတော့ ဒီဥပဒေကြမ်းဟာ နိုင်ငံတော်အစိုးရနဲ့ ပတ်သက်ဆက်နွယ်နေတာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ မြေလွတ်၊ မြေရိုင်းနဲ့ ပလပ်မြေများကို နိုင်ငံတော်ကပိုင်ဆိုင်တာဖြစ်ပါတယ်။ မိသားစုတစ်ခုအနေနဲ့ တစ်နိုင်တစ်ပိုင်သဘောဆိုသော်ငြားလည်း ရေရှည်မှာဒေသခံအဖွဲ့အစည်းဝင်အချို့၏အားနည်းချက်ကြောင့် ပြဿနာအခက်အခဲတွေ ကြုံတွေ့လာနိုင်ပါတယ်။ ဒီအခြေအနေမှာ သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က ထိန်းသိမ်းကြပ်မတ်ဖို့လိုမှာဖြစ်ပါတယ်။ ယနေ့ ဒေသဆိုင်ရာအဖွဲ့အစည်းများကို မြေခွဲဝေမှုနဲ့ပတ်သက်လို့ တာဝန်ပေးထားတဲ့အတွက် ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာအချို့လည်းကြားသိရပါတယ်။ ဒါကြောင့် ဒီဥပဒေကို လေးလေးနက်နက်နဲ့ ကျယ်ကျယ်ဝင့်ဝင့် ထိရောက်စေဖို့အတွက် ရည်ရွယ်ပြီးတော့ ပြင်ဆင်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးယော်ဒီဒွေ့ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးလိုတဲ့အကြောင်းအရာကတော့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း အခန်း(၄)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များခေါင်းစဉ်အောက်ရှိ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် ၄ တွင် ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၁၀ ဧက ထက်မပိုသော ကန့်လန့်ဖြတ်

ဇယားမှာ ကျွန်တော့်ရဲ့ဂဏန်း ၁၀ ကို ၅၀ လို့မှားယွင်းဖော်ပြထားတာတွေ့ရပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်ဟုဖော်ပြပါရှိရာ မြို့နယ်၊ ခရိုင်နဲ့ တိုင်းအဆင့်ဆင့်တွင် ခွင့်ပြုနိုင်ခွင့်ပေးပါက မြေချထားမှုအပေါ် အခွင့်အာဏာအလွဲသုံးနိုင်သဖြင့် အဆင့်ဆင့်စိစစ်၍ ဗဟိုမှသာခွင့်ပြုသင့်ပါသဖြင့် မူလဥပဒေကြမ်းတင်ပြချက်ပါအတိုင်း ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်လိုသူများအတွက် ၁၀ ဧက ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အဆင့်ဆင့်စိစစ်ထောက်ခံချက်ဖြင့်ခွင့်ပြုနိုင်သည်ဟု ပြန်လည်ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခု တင်ပြချက်တွေကြည့်တဲ့အခါမှာ ဧကအရွယ်အစားကို ဥပဒေကြမ်းကော်မတီက ဧက ၅၀၊ နောက် ဦးရဲထွန်းက ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကိုထောက်ခံတယ်ပြောတယ်။ သူဟာသူရုပ်သိမ်းပြီးတော့ ထောက်ခံတယ်ပြောတယ်။ ဦးတင်မောင်ဦးကတော့ သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်၏ စိစစ်ထောက်ခံချက်ဖြင့်ခွင့်ပြုနိုင်တယ်။ ဒီလို အကြောင်းပြချက်က အလွဲသုံးစားမဖြစ်အောင် အဲ့ဒီအတိုင်းပဲ ဦးယော်ဒီဗွေ့က အဆင့်ဆင့်စိစစ်ထောက်ခံချက်ဖြင့်ခွင့်ပြုနိုင်တယ်။ ဒီအချက်တွေတွေ့ပါတယ်။ အဲ့ဒီတော့ အဆိုပြုတင်ပြတဲ့နေရာမှာလည်း မူလဝန်ကြီးဌာနကအဆင့်ဆင့်စိစစ်ထောက်ခံခွင့်ပြုချက်ပေးနိုင်သည်ဆိုတာပါတယ်။ အမျိုးသားလွှတ်တော်ကျတဲ့အခါကျတော့ သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုကခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရမည်ဆိုတာပါတယ်။ အဲ့ဒီလိုပါတဲ့အကြောင်းအရာက အဆင့်ဆင့်ဆိုလို့ရှိရင် မိမိတို့တောင်သူလယ်သမားတွေတောင်းခံတဲ့နေရာမှာ အဆင့်ဆင့်ဖြစ်တဲ့အတွက် အချိန်အတိုင်းအတာများစွာကြာနိုင်တဲ့အတွက် ဒေသကိုပဲအပ်နှင်းတဲ့အနေအထားဖြစ်ပါတယ်။ ဒီအတိုင်းပဲ ဥပဒေကြမ်းကော်မတီကလည်း အဖွဲ့အစည်းတစ်ခုခုကိုအပ်မှသာလျှင် အဆင့်ဆင့်ဆိုတဲ့စကားပျောက်သွားပြီးတော့ လုပ်ငန်းဆောင်တာမြန်ဆန်မှုရှိနိုင်တယ်။ ဒီကနေ့ အောက်ခြေမှာဖြစ်နေတာကလည်း ရိုးရိုးတောင်သူလယ်သမားတစ်ဦးဦးအနေနဲ့ မြေ ၁၀ ဧကမဟုတ်ဘူး။ တစ်ဧက၊ နှစ်ဧကရရှိဖို့ကိစ္စကတော်တော်လေးကိုအခက်အခဲရှိတယ်။ ဘာကြောင့်လဲ သူတို့အနေနဲ့ ဒီလိုဆောင်ရွက်နိုင်ဖို့မသိဘူး။ အခွင့်အလမ်းလည်းမရှိဘူးဆိုတဲ့သဘောဖြစ်တဲ့အတွက် ဒါကိုပဲမိမိတို့လွှတ်တော် ကိုယ်စားလှယ်တွေက အဓိကစဉ်းစားရမယ်။ အဆင့်ဆင့်ထောက်ခံချက်က လိုသလား။ အဆင့်ဆင့်လို့ ပြောတဲ့အတွက် ဝန်ကြီးဌာန၊ ပြီးတဲ့အခါမှာ မြေယာခန့်ခွဲမှုကော်မတီထိသွားဖို့လိုသလား။ အဲ့ဒါ တစ်ခု၊ နောက်တစ်ခုကျတဲ့အခါကျတော့ ၁၀ ဧက၊ ၅၀ ဧက ဘယ်ဟာကပိုပြီးသင့်မြတ်ဖို့လိုသလဲ။ ဒီနှစ်ခုပဲအဓိကထား

စဉ်းစား၊ ဒါကြောင့်မို့လို့စာမှာ ဘယ်လိုပဲရေးထားရေးထား၊ အရေးကြီးတာကအဆင့်ဆင့် စိစစ်ဆောင်ရွက်ပေးမှဆိုလို့ရှိရင် အောက်ခြေမှာရှိတဲ့လယ်သမားတွေအတွက် များစွာအခက်အခဲရှိတယ်။ ဒါကိုတစ်ချက်စဉ်းစားပါ။ ဒါကြောင့်မို့လို့ ဒီမှာစာအရ မမေးဘူး။ သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုကခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်ဆိုတာနဲ့ပတ်သက်လို့ ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ ဆပ်ကော်မတီကတင်ပြတဲ့နေရာမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုကခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်ဆိုတဲ့အကြောင်းအရာသည် ဒေသဆိုင်ရာကနေပြီးတော့ ခွင့်ပြုလို့ရတဲ့အတွက်ကြောင့်မို့လို့ တကယ်တမ်း မြေလွတ်၊ မြေရိုင်းကတော့ ဗဟိုကသာခွင့်ပြုတဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီမှာနှစ်ခုထပ်သွားနိုင်ပါတယ်ခင်ဗျ။ အဲ့ဒါကြောင့်မို့လို့ ဗဟိုမြေလွတ်၊ မြေရိုင်းကော်မတီနှင့်ညှိနှိုင်း၍ စကားလုံးတစ်လုံးထပ်ထည့်မှ ဒီဥပဒေကြောင်းအရ ပိုမိုခိုင်မာမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါဖြင့်ရင် ဒီမှာထပ်ပြီးတော့မေးရမှာက မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုလို့ရှိရင် ဗဟိုကပဲခွင့်ပြုရမယ်ဆိုတာ ဒါအမှန်ပဲလား။ ဒီလိုဆိုလို့ရှိရင်တော့ခုနက အောက်ခြေမှာရှိတဲ့လယ်သမားများအတွက် တကယ်လုပ်ချင်တဲ့သူတွေအတွက် အခက်အခဲရှိတာတော့လက်တွေ့မှာအမှန်ပဲ။ ကဲဒါနဲ့ပတ်သက်လို့။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ အဲ့ဒါကိုသဘောတူပါတယ်။ သို့သော်လည်းပဲ အဲ့ဒီမှာ မြေကြီးတကယ်ချပေးတဲ့နေရာမှာ မြေစာရင်းနဲ့ အပေါ်မြေစာရင်းနဲ့မတိုက်လို့ရှိရင် ဒေသမြေစာရင်းနဲ့မတိုက်လို့ရှိရင်ထပ်သွားတဲ့အခါကျတော့ ပိုမိုစကားများနိုင်တဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီနေရာ clause လေးတစ်ခုထည့်ဖို့လိုမယ်လို့ ကျွန်တော်တင်ပြတာဖြစ်ပါတယ်။ ဒီသက်ဆိုင်ရာသဘောတူတာကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထား ဒီကိစ္စလေးပြောပါ။ ဒီဟာ ဒီနေ့အောက်ခြေမှာဖြစ်နေတဲ့ အခက်အခဲပါပဲ။ ဒါကြောင့်မို့လို့ ဟိုနေ့က။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မူလဥပဒေမှာအဆိုပြုတင်ပြထားတဲ့ ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၁၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအဆင့်ဆင့်စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဟုဖော်ပြချက်ရဲ့အဓိပ္ပာယ်ကို ပထမ

ရှင်းလင်းတင်ပြလိုပါတယ်။ ၁၀ ဧကဆိုတဲ့ ဒီပမာဏကိန်းဂဏန်းကိုဖော်ပြထားခြင်းသည် ငွေကြေး အရင်းအနှီးနည်းပါးပြီးတော့မှ မူလကပင်လျှင်မြေယာ၊ လယ်မြေ၊ ယာမြေပိုင်ဆိုင်မှုမရှိတဲ့ မြေမဲ့၊ ယာမဲ့ နဲ့အရင်းအနှီးလုပ်ကိုင်ဖို့အခွင့်အလမ်းနည်းနေတဲ့ တောင်သူလယ်သမားမိသားစု တစ်နိုင်တစ်ပိုင် ဖော်ထုတ်လုပ်ကိုင်နိုင်ဖို့ ပမာဏကိုရည်ညွှန်းဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လည်းပဲ အချိန်မီ၊ ရာသီမီစိုက်ပျိုးလုပ်ကိုင်နိုင်ဖို့ပမာဏကိုလည်းပဲထည့်ပြီးတော့မှ ဖော်ပြထားခြင်းဖြစ် ပါတယ်။ ၁၀ ဧကထက်ပို၍လုပ်ကိုင်ခွင့်ပေးအပ်ထားမယ်ဆိုလို့ရှိရင် အမှန်တကယ်လုပ်ပိုင်ခွင့်ပြု ထားတဲ့အပေါ်မှာလည်းပဲ အမှန်တကယ်တစ်နိုင်တစ်ပိုင်အနေနဲ့ လုပ်ကိုင်အကောင်အထည်ဖော်နိုင် မယ့်အနေအထားမျိုးမရှိဘဲနဲ့ ပိုင်ဆိုင်မှုခွင့်ပြုထားတဲ့သဘောသာလျှင် သက်ရောက်နိုင်မယ့်အနေ အထားကိုလည်းသတိပြုမိပါတယ်။ ထို့အပြင် ကျေးလက်ဒေသမှာတောင်သူတစ်ဦးကိုဧက ၅၀ အထိ ခွင့်ပြုမည်ဆိုပါက ဤနည်းလမ်းကိုနားလည်တဲ့သူ ၁၀ ဦးလောက်ကသာစုပြီးတော့မှလျှောက်ထားတင် ပြတာကိုခွင့်ပြုထားမယ်ဆိုရင် ဧက ၅၀၀ ခန့်က အလိုလျှောက်လုပ်ပိုင်ခွင့်ပေးပြီးဖြစ်တဲ့အတွက် ကျန်ရှိနေတဲ့တောင်သူအများစုဝေငှလုပ်ကိုင်စားသောက်ခွင့်ပြုရန် အခွင့်အလမ်းလည်းပဲရရှိနိုင်တော့ မယ့်အနေအထားမျိုးမဖြစ်နိုင်သည့် အခက်အခဲကိုလည်းတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်ဒေသတောင်သူလယ်သမားများနဲ့ မိသားစုတစ်နိုင်တစ်ပိုင်ဆိုသည်မှာ ငွေကြေးအရင်းအနှီး နည်းပါးသော ကျေးလက်နေတောင်သူလယ်သမားများအနေဖြင့် မိမိ၏မိသားစုစားဝတ်နေရေးအတွက် မိသားစုအင်အား လက်သုံးကိရိယာများဖြင့် တစ်နိုင်တစ်ပိုင်ခုတ်ထွင်ရှင်းလင်းဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်နိုင်တဲ့ ၁၀ ဧကပမာဏကိုသာသတ်မှတ်သင့်ပါကြောင်း လေးစားစွာပဏာမတင်ပြအပ်ပါ တယ်။ ဒုတိယအချက်အနေနဲ့ ဥက္ကဋ္ဌကြီးမိန့်ကြားခဲ့တဲ့ လွယ်လွယ်ကူကူလျင်လျင်မြန်မြန်နဲ့ လုပ်ကိုင် ခွင့်ရရှိဖို့ဆိုတဲ့အချက်ကလည်းပဲ ဆောင်ရွက်ရမယ့်၊ အလေးအနက်ထားရမယ့်အချက်ဖြစ်ကြောင်း လည်းပဲထောက်ခံတင်ပြအပ်ပါတယ်။ သို့အတွက်ကြောင့် ဒေသအဖွဲ့အစည်းတစ်ခုခုကခွင့်ပြုနိုင်ရေး ဆိုတဲ့အချက်ဟာလည်းပဲ ဆီလျော်မှန်ကန်ပါတယ်။ လက်ရှိဖွဲ့စည်းထားတဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရလည်းပဲ ဗဟိုအစိုးရအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်အစိုးရများလည်းဖွဲ့စည်းပြီး တဲ့အတွက်ကြောင့်မို့လို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေများအတည်ပြုပြဋ္ဌာန်းပြီးလို့ ရှိရင်တော့ဖြင့်ရင် သက်ဆိုင်ရာတိုင်းဒေသကြီးအပါအဝင် ခရိုင်၊ မြို့နယ်အဆင့်ကိုလည်းပဲ လုပ်ပိုင်ခွင့် ဥပဒေများ ခွဲဝေအပ်နှင်းသွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နည်းဥပဒေပိုင်းဆိုင်ရာမှာလည်းပဲ မှတ်သားထားရှိပြီးတော့မှ လိုက်နာဆောင်ရွက်သွားပါမည်ဖြစ်ပါကြောင်း၊ ၁၀ ဧကအခွင့်ကိုသာလျှင် သတ်မှတ်ပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံ

ဆောင်ရွက်နိုင်သည့်အပေါ်မှာလည်းပဲ ကန့်ကွက်ရန်မရှိပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက ၅၀ ဧကလို့ဖော်ပြထားပါတယ်။ ကဲ ဥပဒေကြမ်းကော်မတီပြောပါ။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီဝင်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမှာ စာပိုဒ်မှာက ကျေးလက်ဒေသတောင်သူလယ်သမားတစ်ဦးလို့ ဖော်ပြခြင်းမရှိပါဘူး။ ကျေးလက် ဒေသတောင်သူလယ်သမားများနှင့် မိသားစုဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ၁၀ ဧကဆိုတာက အင်မတန်နည်းပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့မုဆိုးမတစ်ဦးသည်ပင်လျှင် ၁၀ ဧကစိုက်ပျိုး နိုင်တဲ့အနေအထားရှိပါတယ်။ အဲ့ဒီတော့ မိသားစုတစ်ခုမှာ မိသားစုအလိုက်ဆိုလို့ရှိရင် ကျွန်တော်တို့ ၁၀ ဧကနဲ့မလောက်ဘူး။ ထက်မပိုဘူးဆို့လို့ရှိရင် ကျွန်တော်တို့ တောင်သူလယ်သမားများ၊ ကျေးလက်နေပြည်သူများရဲ့ အခွင့်အရေးကို ကျွန်တော်တို့ ဆုံးရှုံးမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ၅၀ ဧကထက်မပိုတာဆိုတာ တစ်ဧကကနေပြီးတော့ ၅၀ ဧကထိကိုပေးနိုင်တယ်။ လုပ်နိုင်တဲ့အပေါ်မှာ ပေးနိုင်တယ်ဆိုတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၅၀ ဧကကတော့ ထက်မပိုသောဆိုတဲ့အချက်ကလည်းပဲ လျော်ကန်သင့်မြတ်ပါတယ်။ နောက်တစ်ချက်က စောစောက ဥက္ကဋ္ဌကြီးတင်ပြသလိုပဲ ပြီးခဲ့တဲ့လက်ရှိအခြေအနေမှာ အဆင့်ဆင့်ဆိုတာခက်ခဲပါတယ်။ နှစ်နဲ့ချီ၍ ကြာတဲ့အတွက် ဒါလည်းပဲ တကယ်စိုက်ပျိုးလိုတဲ့တောင်သူလယ်သမားများနဲ့ မိသားစုများရဲ့မြေလွတ်၊ မြေလပ်စိုက်ပျိုးမှုရဲ့လုပ်ပိုင်ခွင့်ကို အဟန့်အတားဖြစ်စေမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ကိုအတည်ပြုမှသာလျှင် လျော်ကန်သင့်မြတ်မှာဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။ (သြဘာသံများ)

**ဦးအောင်သန်း(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကော်မတီ)**။ ။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကော်မတီအတွင်းရေးမှူးဖြစ်ပါတယ်။ အခု မိသားစုတစ်နိုင်တစ်ပိုင်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ၁၀ ဧကဆိုတဲ့ဟာက အင်မတန်သင့်မြတ်ပါတယ်။ ၁၀ ဧကထက်ကျော်သွားလို့ရှိရင် ကျွန်တော်တို့စိုက်တဲ့၊ ပျိုးတဲ့နေရာမှာ သိပ္ပံနည်းကျစိုက်ပျိုးရေးနှင့် တစ်ဧကအထွက်နှုန်းတိုးရေးကို လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ အင်မတန်မှအခက်အခဲတွေရှိတတ် ပါတယ်။ နောက်တစ်ခုက ဧကကျယ်လာလေလေ အထွက်နှုန်းက လျော့လာလေလေဖြစ်ပြီးတော့ စနစ်တကျလုပ်ကိုင်နိုင်မှုအားနည်းပါတယ်။ ဒါကြောင့်မို့လို့ ကျေးရွာအဆင့်မှာ စဥ်းစားတဲ့အခါမှာ တစ်နိုင်တစ်ပိုင် ၁၀ ဧကသာလျှင် အင်မတန်သင့်လျော်ပါတယ်လို့ ကျွန်တော်ထောက်ခံတင်ပြ

အပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးတင်ပြတဲ့အချက်သာလျှင် အကောင်းဆုံးဖြစ်ကြောင်း ကျွန်တော်ထောက်ခံတင်ပြပါတယ်ခင်ဗျား။(သြဘာသံများ)

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ ၁၀ ဧကဆိုတာ ဒီခေတ်မှာတော့ဖြင့် ကျွန်တော်တို့ ဒါ ခေတ်နှောင်းတဲ့အခြေအနေမျိုးရှိသွားပါပြီ။ ကျွန်တော်ဟိုတစ်နေ့က ပြင်ထားတာကလည်း ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတာလည်း ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုကိုပဲဆိုပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ စောစောက တစ်ယောက်ဆွေးနွေးသွားပါတယ်။ မိသားစုနည်းရင်တော့ဖြင့် ကျွန်တော်တို့ ၁၀ ဧကဟာဖြင့် လုံလောက်တဲ့အခြေအနေရှိပါတယ်။ ကျွန်တော်တို့ မိသားစုကြီးတဲ့တောင်သူဆိုလို့ရှိရင် လုံးဝလွယ်လွယ်နဲ့ မလုံလောက်နိုင်ပါဘူး။ ဟိုတစ်နေ့က ကျွန်တော် ရှမ်းပြည်ကိုမေးကြည့်တယ်။ ရှမ်းပြည်ကိုမေးကြည့်တဲ့အခါကျတော့ ဒီကနေ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာလည်း စက်မှုလက်မှုနဲ့ထွန်နေပြီဖြစ်ပါတယ်။ ဒါ ၁၀ ဧကဆိုတာက ၁၉၆၂ ခုနှစ် ဟိုဘက်ပိုင်းက တစ်ထုံးထွန်ပိုင်ဆိုင်မှုနဲ့တွက်ပြီးတော့မှ သတ်မှတ်ထားတဲ့နှုန်းထားဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေတော်တော်များများဟာ စက်မှုလုပ်ငန်းနှင့်တွဲပြီးတော့မှ ကျွန်တော်တို့လုပ်နိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၁၀ ဧကဆိုတာဟာဖြင့် ကျွန်တော်တို့အင်မတန်နည်းပါတယ်။ တစ်ဖက်က ငွေရှင်ကြေးရှင်တွေကျတော့ တစ်ကြိမ်လျှင် ၅၀၀၀ ပေးနိုင်ပြီးတော့မှ ၁၀ ကြိမ် ၅၀၀၀၀ အထိ ပေးနိုင်တယ်ဆိုတာ ဒါကကျွန်တော်တို့ တောင်သူလယ်သမားတွေကိုဖိသတ်တာနဲ့အတူတူပါပဲ။ (သြဘာသံများ)

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ၅၀၀၀၀ အထိ ပေးနိုင်တယ်ဆိုတာ ကျွန်တော်တို့ တွက်ကြည့်မယ်ဆိုလို့ရှိရင် တစ်မြို့နယ်တောင် မကပါဘူး။ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ တကယ်ဆင်းရဲမွဲတေနေတဲ့ တောင်သူတွေအများကြီးရှိပါတယ်။ ခုနကကျွန်တော်တို့ စောစောကအဆင့်ဆင့်ဆိုတာလည်း ကျွန်တော်တို့လက်တွေ့ ပြောပြပါမယ်။ ကျွန်တော်တို့ မော်လိုက်မြို့နယ်မှာ တော၊ တောင်အင်မတန်ထူထပ်ပါတယ်။ ထို့အတူပဲ ဖောင်းပြင်၊ ဟုမ္မလင်းဟာ အင်မတန် တော၊ တောင်ထူထပ်ပါတယ်။ မြေဧကတွေ အများကြီးရှိပါတယ်။ တကယ်မလုပ်ဘဲနဲ့အမည်ခံပြီးတော့မှ ယူထားပြီးသစ်ထုတ်စားနေတဲ့ မြေရှင်ကြီးတွေရှိပါတယ်။ နောက်ကျွန်တော်တို့ ဖောင်းပြင်မြို့နယ်မှာဆိုရင် ကြက်ဆူစိုက်ဖို့ဆိုပြီးယူထားတယ်။ ဘာတစ်ခုမှ မစိုက်ဘူး။ တကယ်တောင်သူကလုပ်စားချင်ပြီဆိုလို့ရှိရင် သူတို့ဆီကပိုက်ဆံပေးပြီးဝယ်ရတယ်။ ဒါသဘာဝမကျပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ လယ်မြေ၊ ယာမြေနဲ့ပတ်သက်လို့ မြေရိုင်းကိုလည်းပဲ ကျွန်တော်တို့ခွင့်ပြုတဲ့နေရာမှာ တကယ်ကိုမိုင် ၄၀၊ ၅၀ လောက်ရှိတဲ့ပုဂ္ဂိုလ် တောင်သူလယ်သမားဟာ

အဆင့်ဆင့်ဗဟိုကိုလာတင်နေရမယ်ဆိုရင် ကျွန်တော်တို့ ဒါ အခံပွာယ်မရှိပါဘူး။ မလုပ်နိုင်ပါဘူး။ ဥပမာ- ကျွန်တော်ပြောပါမယ်။ ကျွန်တော်တို့ မော်လိုက်မြို့နယ်နဲ့ ၁၄ မိုင်လောက်ပဲဝေးပါတယ်။ အုတ်ဖိုဆိုတာရှိပါတယ်။ အုတ်ဖိုကတောင်သူဟာ ကျွန်တော်တို့မော်လိုက်ကို မရောက်ဘူးပါဘူး။ အသက် ၆၀ ကျော်ပါပြီ။ ဒါ ကျွန်တော်ဥပမာပြောတာပါ။ ကျွန်တော်တို့ အင်မတန်ဝေးလံခေါင်းပါးတဲ့ တောင်သူတစ်ယောက်က ဗဟိုမြေယာကော်မတီရဲ့ဆုံးဖြတ်ချက်ရယူမှ၊ ရယူပြီးမှ ဒီ လယ်မြေကိုလုပ်ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မဖြစ်နိုင်တဲ့အလုပ်ပါ။ အဲ့ဒီတော့ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ တောင်သူလယ်သမားတွေကို တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ကျွန်တော်တို့ တစ်နိုင်တစ်ပိုင် လုပ်နိုင်တဲ့ပုဂ္ဂိုလ် အရင်တုန်းက ၁၀ ဧကမှန်သော်လည်းပဲ ဒီကနေ့ထွန်စက်နဲ့၊ ကောက်ရိတ်စက်နဲ့၊ ချွေစက်နဲ့လုပ်နိုင်တဲ့ပုဂ္ဂိုလ်တွေဆိုရင် ကျွန်တော်တို့ဧက ၅၀ တောင်မကပါဘူး။ ဧက ၃၀၀ လောက်ကို ကျွန်တော်တို့ပေးဖို့သင့်ပါတယ်။ ကျွန်တော်တို့ လယ်သမားတစ်ယောက်ကိုမေးကြည့်လိုက်တဲ့အခါ ကျွန်တော်တို့က အခုကြုံကိုဧက ၁၀၀ လုပ်နေပါတယ်တဲ့။ ကျွန်တော့်ပေးရင် ၃၀၀ လောက် လုပ်နိုင်ပါတယ်တဲ့။ အဲ့ဒီလောက်ထိတောင် ကျွန်တော်တို့ပြောပါတယ်။ ဒါက စက်မှုထွန်းကားတဲ့ တောင်သူလယ်သမားပေါ့။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့တင်ပြချင်တာကတော့ဖြင့် ၁၀ ဧကဆိုတာ အင်မတန်နည်းပါတယ်။ တကယ်မြေကိုဖက်ပြီးလုပ်စားမယ့်ပုဂ္ဂိုလ်က ၁၀ ဧကဆိုတာနည်းပါတယ်။ အရင်းအနှီးနဲ့မြုပ်နှံပြီးတော့မှ သူတစ်ပါးခိုင်းပြီးမှစားမယ့်ပုဂ္ဂိုလ်ကျ ၅၀၀၀ ဧကပေးပြီးတော့မှ ကျွန်တော်တို့လယ်သမားကျတော့မှ ၁၀ ဧကဆိုတာ ဒါ သဘာဝမကျပါဘူး။ ဒါ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားပါ။ လေးလေးနက်နက်စဉ်းစားပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လုံလောက်ပါတယ်။ လုံလောက်ပါတယ်။ ဦးဌေးဦးက မိုက်တောင်းတယ်။ မတောင်းတော့နဲ့ ထပ်ပြီးကျွန်တော်ရှင်းပြပါမယ်။ ဒီ မြေကိစ္စအရေးကြီးပါတယ်။ ခုနက ဒိုက်ဦး မဲဆန္ဒနယ်က ဦးမင်းဆွေတင်ပြတဲ့ကိစ္စကိုလည်း ဒါ အလေးအနက်ထားစဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စက မြေကိစ္စဖြစ်သလို၊ အမျိုးသားရေးလည်းဖြစ်ပါတယ်။ တကယ်စဉ်းစားမယ်ဆိုရင် အမျိုးသားရေးဖြစ်ပါတယ်။ အမျိုးသားရေးဖြစ်တဲ့အတွက် အဲ့ဒီလိုတင်ပြထားတာတွေကို ကျွန်တော်တို့ လစ်လျူရှုပြီးတော့ထားလို့မဖြစ်ပါဘူး။ အဲ့ဒီအတိုင်းပဲ တစ်ချိန်က ကျွန်တော်တို့ပြည်သူ့လွှတ်တော်မှာ တင်ပြတာရှိပါတယ်။ ကချင်ပြည်နယ်သား ကိုယ်စားလှယ်တစ်ဦးပါ။ ဒါဘာလဲဆိုတော့ သူတို့ဒေသမှာ ကျွန်တော်စကားအသုံးအနှုန်းမှားရင် မှားပါမယ်။ လက်လုပ်လက်စားသတ္တုတူးဖော်ဖို့ကိစ္စဆောင်ရွက်လိုသော်လည်း သက်ဆိုင်ရာပြည်နယ်ကဆောင်ရွက်ခွင့်မရှိတဲ့အတွက် များစွာအခက်အခဲရှိပါတယ်လို့ ဒီလိုတင်ပြတာရှိပါတယ်။ အဲ့ဒီလိုဆိုရင် ဒီလိုဥပဒေမျိုးကို ဒီလိုဆုံးဖြတ်ချက်မျိုး ကျွန်တော်တို့ပြန်ပြီး တော့စဉ်းစားရမယ့်သဘောရှိပါတယ်။ အဲ့လိုမှမဟုတ်ဘူးဆိုလို့ရှိရင် ဒီနေ့နိုင်ငံသားတစ်ယောက်ရဲ့

အခွင့်အရေးပေးမယ်လို့ပြောထားပြီး၊ ဒေသခံတိုင်းရင်းသားတစ်ယောက်ရဲ့အခွင့်အရေးပေးမယ်လို့ပြောထားပြီး ဒါတွေကိုမပေးနိုင်ဘူးဆိုလို့ရှိရင် အစိုးရကော၊ ကျွန်တော်တို့လွှတ်တော်အတွက်ကော တစ်မျိုးတစ်မည်ထင်နိုင်တဲ့အနေအထားရှိပါတယ်။ အခုလည်းဒါကြောင့် ခုနကမော်လိုက်မဲဆန္ဒနယ်က ဥပဒေကြမ်းကော်မတီဝင်တစ်ဦးဖြစ်တဲ့ ဦးသောင်းရဲ့တင်ပြချက်ကိုလည်း ကျွန်တော်တို့အလေးအနက်ထားစဉ်းစားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒီနေ့လုပ်တဲ့နေရာမှာခုနက အုပ်ချုပ်ရေး၊ စီးပွားရေး တစ်ခုတည်းကိုကြည့်ပြီးတော့လုပ်တာမဟုတ်ဘဲနဲ့ နိုင်ငံရေးကိုပါကြည့်ပြီးလုပ်ရမှာဖြစ်တဲ့အတွက် အခုမဲခွဲပါမယ်။ မဲခွဲမယ်။ ကျွန်တော်တို့မဲသည် ဘာလဲဆိုတဲ့အခါမှာ တောင်သူလယ်သမားအကျိုး၊ အလုပ်သမားအကျိုးဆိုတာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ အဲ့လိုမှထည့်သွင်းမစဉ်းစားဘဲနဲ့ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့စဉ်းစားမှုတွေလိုသွားနိုင်ပါတယ်။ ဒီလို လိုအပ်ချက်သည်ဘယ်မှာထိခိုက်နိုင်သလဲဆိုရင် နိုင်ငံတော်အစိုးရမှာကော၊ ကျွန်တော်တို့လွှတ်တော်မှာထိခိုက်နိုင်တဲ့အတွက် ဒါကိုတော့ လွှတ်တော်ကိုယ်စားလှယ်များ အလေးအနက်ထားအဆုံးအဖြတ်ပေးဖို့ ကျွန်တော်မဲခွဲပါမယ်။ အဲ့တော့ ဥပဒေကြမ်းကော်မတီကတင်ပြတဲ့ ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်လိုသူများအတွက် ၅၀ ဧကထက်မပိုတဲ့အတွက် လျှော့ချင်လည်းလျှော့မယ် တစ်ဧကလည်းဖြစ်ရင်ဖြစ်မယ်။ ဒီနေရာမှာ ကျွန်တော်ကြားဖြတ်တစ်ခုတင်ပြဖို့ကျန်ပါတယ်။ ကျွန်တော်တို့ ဒီ လွှတ်တော်ကိုယ်စားလှယ်ထဲကပဲ ဂန့်ဂေါမဲဆန္ဒနယ်၊ ကိုယ်စားလှယ်နာမည် ကျွန်တော်မှန်းရမှာပဲ ဦးအောင်မြင့် ကျွန်တော်နာမည်မှန်လား၊ ဦးအောင်မြင့်တင်ပြထားတာရှိပါတယ်။ ဒါဘာလဲဆိုတော့ ကြိုးဝိုင်းတော၊ ကြိုးပြင်တော ဒီစကားလုံးအသုံးအနှုန်းမှားချင်မှားပါမယ်။ အဲ့ဒီထဲမှာ ကျွန်တော်တို့တောင်သူတွေက ဘာမှန်းမသိဘူး။ ဒီမြေဘာမြေမှန်းမသိဘူး။ သို့ရာတွင် သူတို့လုပ်စားဖို့အတွက်မြေကိုခုတ်ထွင်ရှင်းလင်းပြီးတော့ စိုက်ပျိုးစားသောက်မယ်။ ဒါပေမယ့် ဒီနေ့ကျတဲ့အခါကျတော့ ဒီဟာတွေသည်ဥပဒေနဲ့မညီဘူးဆိုပြီးတော့ ဒါတွေကိုပြန်သိမ်းဖို့ ဥပဒေအရဆောင်ရွက်ဖို့ဆောင်ရွက်တာတွေရှိပါတယ်။ အဲ့ဒီအချိန်မှာ သူရဲ့တင်ပြချက်မှာဘာပါလဲဆိုတဲ့အခါမှာ ဒီလိုခွင့်ပြုထားသော်လည်း ဘယ်သူကခွင့်ပြုထားလဲ သက်ဆိုင်ရာဒေသမှာရှိတဲ့ သစ်တောရေးရာအာဏာပိုင်အဖွဲ့အစည်းကခွင့်ပြုထားသော်လည်း ခွင့်ပြုထားတယ်။ ခွင့်ပြုထားတဲ့နေရာမှာ ဒါဘာတွေပေးထားလဲဆိုတော့ အခွန်တွေလည်းပေးထားတယ်။ သို့ရာတွင် ဒါကိုတရားမဝင်ဘူးလို့ပြောနေတယ်ဆိုတဲ့ဟာမျိုးကလည်း ကျွန်တော်တို့ကအလေးအနက်ထားစဉ်းစားဖို့လိုတယ်။ ဒါကြောင့်မို့လို့ကျွန်တော် ဦးအောင်မြင့်ကို သီးခြားခေါ်ပြီးတော့ပြောတာက အဲ့ဒီကိစ္စကိုရပ်မထားပါနဲ့ ပြန်ပြီးတော့တင်ပြပေးပါ။ တင်ပြတဲ့အပေါ်မူတည်ပြီးတဲ့အခါမှာ ဒီဟာသည်လယ်သမားတွေက တကယ်ဒီနေရာမှာ သူတို့ပြောတဲ့စကားအရ ကျူးပြီးလုပ်နေတယ်။ သို့ရာတွင်တစ်ကယ်လည်းလုပ်နေတယ်။ တကယ်လည်းအပင်တွေ

စိုက်ထားတယ်။ အဲ့ဒီနေရာကိုခုနက တကယ်လည်းသူနည်းသူ့ဟန်နဲ့အခွန်တွေပေးထားပြီ။ အဲ့ဒီကိစ္စကို အခု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအရပြည့်မီဖို့အတွက် သစ်ပင်တွေစိုက်ရပါအုံးမယ်။ ဒါကြောင့်မို့လို့ဆိုတဲ့ အဖြေကြောင့်တော့ ကျွန်တော်တို့လယ်သမားတွေ၊ တောင်သူတွေ၊ ကျွန်တော်တို့ နိုင်ငံသားတွေက ကျွန်တော်တို့အစိုးရအပေါ်၊ ကျွန်တော်တို့ လွှတ်တော်အပေါ်အထင်မလွဲဖို့ လိုတယ် ဆိုပြီး ကျွန်တော် ဒီလိုပြောခိုင်းထားတယ်။ ဒီကိစ္စသည် ဦးအောင်မြင့်ဆီရောက်၊ မရောက်တော့ မသိဘူး။ အလားတူကျန်တဲ့နေရာတွေမှာလည်းရှိပါလိမ့်မယ်။ အဲ့ဒီအခါကျတော့မှ ကျွန်တော်တို့က ပြည်သူရဲ့အကျိုး၊ တောင်သူလယ်သမားရဲ့အကျိုး၊ အလုပ်သမားရဲ့အကျိုးကိုကာကွယ်ပြီးသားဖြစ်မှာ ဖြစ်တဲ့အတွက် ဒါလေးကိုလည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ အလေးထားဆောင်ရွက် ပေးဖို့လိုပါတယ်။ ဒါကြောင့် ခုနကျွန်တော်ဒါနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက် ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများ အတွက် ၅၀ ဧကထက်မပိုသော သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက သူရဲ့အခြေအနေပေါ် ကြည့်ပြီးတဲ့အခါမှာ ခင်ဗျားတောင်းတာက ၅၀ တောင်းတယ်။ ဒါပေမယ့် ခင်ဗျားလုပ်နိုင်မှာက ဘယ်လောက်ဆိုတာ ဒါသုံးသပ်ဆုံးဖြတ်လို့ရတဲ့အနေအထားဖြစ်တဲ့အတွက် ၅၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်ဆိုတဲ့အဆိုပြုချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့၊ ပြည်သူ့ လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အချိန်လည်းကြည့်လိုက်တော့ ၄ နာရီထိုးပြီ။ မူလမှန်းတာတော့ ဒီနေ့အပြီး ဆောင်ရွက်မယ်ဆိုပြီးစဥ်းစားပါတယ်။ ဒါပေမယ့်လို့ အလုပ်ကတစ်ရက်တည်းလည်းပြီးအောင် လုပ်နိုင်စွမ်းမရှိတဲ့အတွက် အစီအစဥ်ကို ဒီမှာပဲရပ်နားပါမယ်။ နောက်ရက်အတွက် ကြိုတင်ဖြန့်ဝေမယ့် အစီအစဥ်ကတော့ ဒီမပြီးပြတ်သေးတဲ့ကိစ္စမပါပါဘူး။ သို့ရာတွင် ပြည်သူ့လွှတ်တော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ ဖြန့်ဝေထားတဲ့နောက်တစ်ရက်အစီအစဥ်အတွက် ဒီတိုင်းထားပြီးတော့

ကျွန်တော်တို့အသိမှာတော့ နောက်တစ်နေ့အစီအစဥ်စမယ်ဆိုလို့ရှိရင် မပြီးပြတ်သေးတဲ့ကိစ္စ ဆက်လက်ပြီးဆောင်ရွက်မယ်ဆိုတာကို သိထားဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Agenda တော့ ထပ်ပြီးတော့မပြင်ပါနဲ့တော့။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၁ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (ကြာသပတေးနေ့) ၁၀ း ၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၆ း ၀၄ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၅၀ ရက်မြောက်နေ့ကို ၁၆း၀၄ နာရီအချိန်တွင် ရပ်နားပါသည်။]